ကြေးမုံ
The Mirror
၁၃၆၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ရက်၊ ဗုဒ္ဓဟူးနေ့၊ (25-10-2006) (၅၁၂၁)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကာဇက်စတန်သမ္မတနိုင်ငံ အမျိုးသားနေ့တွင် သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၂၅

၂၀၀၆ ခုနှစ် အောက်တိုဘာ ၂၅ရက်တွင် ကျရောက်သော ကာဇက်စတန်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ကာဇက်စတန်သမ္မတနိုင်ငံ သမ္မတ မစ္စတာနာရ်ဆူလ်တန်၊ အေ၊ နာဇာဗာယက်ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံအနေဖြင့် အကြမ်းဖက်မှုဆိုလျှင် မည်သူက၊ မည်သည့်နေရာ၌ မဆို မည်သည့်အကြောင်းပြချက်ဖြင့် မည်သည့်ပုံစံမျိုးဖြင့်ဖြစ်စေ ကျူးလွန်ခြင်းကိုရှုတ်ချ

မြန်မာနိုင်ငံတွင် အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါကို ဦးစားပေးတိုက်ဖျက်ရန် အစွမ်းကုန်ကြိုးစားနေ

လုံခြုံရေးကောင်စီသည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ အခြေခံမူကြီးများနှင့်အညီလုပ်ဆောင်ရန်လိုအပ်

အေးချမ်းသာယာဝပြောသော ကမ္ဘာကြီးဖြစ်ရန် ကုလသမဂ္ဂကြီးကကြိုးပမ်းရာ၌ မြန်မာနိုင်ငံကပူးပေါင်းပါဝင်မည်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ် အခမ်းအနား၌ ခင်းကျင်းပြသထားသော ဆုရစာစီစာကုံးများ၊ပိုစတာများ၊ပန်းချီကားများနှင့် ကုလသမဂ္ဂပြန်ကြားရေးဌာန၏ပိုစတာများကို ကြည့်ရှုအားပေးစဉ်။(သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၂၄

၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်အစိုးရခန်းမဆောင်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက် မိန့်ခွန်းပြောကြားသည်။

ယနေ့ လက်တွေ့ဖြစ်ပေါ်မှုများနှင့်အညီ တုံ့ပြန်ဆောင်ရွက်နိုင်ရန် ကုလသမဂ္ဂကြီးအနေဖြင့် ပြောင်းလဲမှုများနှင့် ပြင်ဆင်ဖွဲ့စည်းမှုများပြုလုပ်ရန် လိုအပ်ကြောင်းထင်ရှား။ ယခုလိုပြင်ဆင် ဖွဲ့စည်းမှုများပြုလုပ်ရာမှာ လုံခြုံရေးကောင်စီကိုလည်း ပြုပြင်ဖွဲ့စည်းမှ ပြည့်စုံမှာဖြစ်၊ လုံခြုံရေးကောင်စီသည် ကိုယ်စားပြုမှုပိုမိုကျယ်ပြန့်လာပြီး လုပ်ဆောင်မှု ပိုမိုထက်မြက်လာရမည်ဖြစ်သလို လုပ်ငန်းဆောင်ရွက်ရာမှာလည်း ပွင့်ပွင့်လင်းလင်းအသိပေးရန်လိုအပ်။

အဆိုပါအခမ်းအနားသို့ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဝန်ကြီးချုပ်ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီးအမှူးပြုသော နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီ တာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများ၏ ဌာနေညှိနှိုင်းရေးမှူး၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံး၊ အလယ်တန်းအဆင့် ပိုစတာပြိုင်ပွဲနှင့် မူလတန်းအဆင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မိန့်ခွန်းပြောကြားရာတွင် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၂၅-၁၀-၂၀၀၆
(ဗုဒ္ဓဟူးနေ့)

သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေး တီထွင်ကြံဆ ကြိုးပမ်း

မြန်မာနိုင်ငံသည် အဖိုးတန်ကျွန်းအပါအဝင် သစ်မာနှင့် အခြားသစ်များ အများအပြား ပေါက်ရောက်လျက်ရှိသော နိုင်ငံဖြစ်သည်။ မြန်မာ့ကျွန်းသစ်မှာ ကမ္ဘာပေါ်တွင် လူကြိုက်အများဆုံးဖြစ်သည်။

နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်တောကဏ္ဍမှ ကြိုးပမ်းလျက်ရှိရာ ပြည်ပသို့သစ်များ တင်ပို့ရာ၌ သစ်လုံးများသာမက သစ်အချောထည်ပစ္စည်းများ ထုတ်လုပ်၍လည်း တန်ဖိုးမြှင့်တင်ရောင်းချနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်။

ဝါးတရာ သစ်အခြေခံ စက်မှုနယ်မြေရှိ မြန်မာ့သစ်လုပ်ငန်းမှ သစ်စက်များ၊ ပရိဘောဂစက်ရုံများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ သစ်အခြေခံစက်ရုံများက သစ်ခွဲသားများ၊ အဆင့်မြင့် သစ်အချောထည် ပရိဘောဂပစ္စည်းများ၊ သစ်မျိုးစုံ၏ အရောင်များဖြင့် အလှဆင် ပုံဖော်ထားသည့် တံခါး၊ ပြတင်းရွက်များကို ထုတ်လုပ်လျက်ရှိသည်။

မြန်မာ့သစ်လုပ်ငန်းနှင့် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်သည့် မြန်မာ့ပရိဘောဂပြပွဲ ၂၀၀၆ ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် အောက်တိုဘာလ ၂၁ ရက်နေ့မှစ၍ ခင်းကျင်းပြသလျက်ရှိသည်။ အဆိုပါပြပွဲတွင် ကုမ္ပဏီပေါင်း ၄၇ ခုမှ ပြခန်းပေါင်း ၁၆၂ ခန်း ခင်းကျင်းပြသထားပြီး အိမ်သုံး၊ လူသုံးနှင့် အလှဆင် ပရိဘောဂများ၊ လူသုံးနည်းသောသစ်များဖြင့် ထုတ်လုပ်သည့် ပရိဘောဂများ၊ သစ်အပြင် ကြိမ်၊ ဝါးတို့ဖြင့် ပြုလုပ်ထားသည့် လူသုံးပစ္စည်းများ၊ သတ္တု၊ ပလတ်စတစ်၊ ကနုကမာစသည်တို့နှင့် တွဲဖက်ပြုလုပ်ထားသော ပရိဘောဂများ၊ သစ်အခြေခံ စက်မှုလုပ်ငန်းသုံး စက်ကိရိယာများကို ပြသထားသည်။

သစ်တောသယံဇာတ အရင်းအမြစ်များသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတွင် အရေးပါသည်ဖြစ်ရာ သစ်အခြေခံ စက်မှုလုပ်ငန်းများအနေဖြင့် သစ်ကုန်ကြမ်းကိုလျှော့၍ အခြားဆက်စပ်ပစ္စည်းများနှင့် တွဲဖက်ပြီး တီထွင်ကြံဆ လုပ်ကိုင်ကြခြင်းဖြင့် သစ်တောသယံဇာတ အရင်းအမြစ်များ ထိန်းသိမ်းသုံးစွဲရာ ရောက်ပေသည်။

မြန်မာ့သစ်တောများသည် ရေမြေရာသီဥတု အနေအထားအရ ထူးခြားကောင်းမွန်သည့် အရည်အသွေးများဖြင့် ပြည့်စုံကြွယ်ဝနေသည်ဖြစ်ရာ ကျွန်းနှင့် သစ်မာအပြင် ကြိမ်၊ ဝါးစသော အခြားသစ်တောထွက်ပစ္စည်းများအား စနစ်တကျထုတ်ယူပြီး နိုင်ငံတကာဈေးကွက်ရှိသည့် အဆင့်မြင့် သစ်အချောထည်ပစ္စည်းများ ထုတ်လုပ်တင်ပို့နိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များသည် သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ပုံမှန်ဈေးကွက်ရရှိရေး၊ ဝယ်ယူသူအကြိုက် ပရိဘောဂပစ္စည်းများ တိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းအားထုတ်ကြခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များ သီတင်းသုံးတော်မူရန် အသစ်ဆောက်လုပ်မည့် သုံးထပ်ဆောင် ကျောင်းတော်ကြီးအတွက် ပန်းဘဲတန်းမြို့နယ် ကုန်ဈေးတန်းလမ်းနေ မိဘများအားအမှူးထား၍ ဦးမြတ်ခိုင်-ဒေါ်နီနီစိန်၊ သား-မောင်အောင်ကျော်မင်း(ပစ်တိုင်းထောင်)မိသားစုက အလှူတော်ငွေကျပ်၁၀၀၀၀၀ကို အထွေထွေအတွင်းရေးမှူး အရှင်ဥက္ကဋ္ဌ(မြစ်ကျိုး) ရှေ့မှောက်တွင် အကျိုးတော်ဆောင် ဒေါ်အေးအေးမြင့်ထံသို့ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်း မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်၌ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ ဌာနေကိုယ်စားလှယ် လာရောက်တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၄

ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC)ဌာနေကိုယ်စားလှယ် Mr. Pierre Andre Conod သည် အောက်တိုဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကို၊ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဦးလှမြင့်နှင့် ရုံးအဖွဲ့မှူး ဦးခင်မောင်သိန်းတို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ဌာနေကိုယ်စားလှယ် Mr. Pierre Andre Conod **လာရောက် တွေ့ဆုံစဉ်။**

(သတင်းစဉ်)

မြို့မကျောင်းသားဟောင်းများ အာစရိယပူဇော်မည်

ရန်ကုန် အောက်တိုဘာ ၂၄

မြို့မ ကျောင်းသား၊ ကျောင်းသူဟောင်းအသင်းမှ ကြီးမှူး၍ (၂၆)ကြိမ်မြောက် သက်ကြီးအာစရိယ ပူဇော်ပွဲကို နိုဝင်ဘာ ၁၄ ရက်(အမျိုးသားနေ့) နံနက် ၉ နာရီခွဲတွင် အမှတ်(၆၈) စကားဝါလမ်း၊ ဒဂုံမြို့နယ် မြတ်မွန်ရတနာခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ ဆရာကြီး၊ ဆရာမကြီးများနှင့် မြို့မကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

ကျောင်းသားဟောင်းများ အာစရိယပူဇော်မည်

ရန်ကုန် အောက်တိုဘာ ၂၄

အထက(၄) မင်္ဂလာတောင်ညွန့်နှင့် (ယခင်) စိန့်အန်ထော်နီကျောင်းသားဟောင်းများ၏ (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၁၂ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် အဆိုပါ ကျောင်းရတနာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်းများ တက်ရောက်ကြပါရန်နှင့် ဆရာဦးစိန်ဝင်း ဖုန်း-၀၉ ၅၁၂၄၀၁၉၊ ဦးဟန်ဌေး ဖုန်း-၅၅၈၅၃၅ လိုင်းခွဲ ၃၅၂၊ ဦးအောင်ကျော်ဟန် ဖုန်း-၂၄၆၀၁၁၊ ဦးမျိုးအောင် ဖုန်း-၀၉ ၅၁၃၂၉၁၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန နှစ်တစ်ရာပြည့် အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲ၊ ရာပြည့်မဂ္ဂဇင်းဆုရသူများ ဆုချီးမြှင့်ပွဲနှင့် ကံစမ်းမဲဆုချီးမြှင့်ပွဲကို အောက်တိုဘာ ၂၂ ရက်ညက သုဝဏ္ဏအားကစားကွင်း (Glory Garden Restaurant)၌ ကျင်းပရာ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်က ဂေါက်သီးရိုက်ပြိုင်ပွဲ အသင်းလိုက် ပထမဆုရ ရန်ကုန်တိုင်း အသင်းကိုယ်စား ရန်ကုန်တိုင်း မြေစာရင်းဦးစီးမှူး ဦးကျင်ထွန်းအား ဆုချီးမြှင့်စဉ်။

(၆၁)

ကထိန်လျာသင်္ကန်းနှင့် သက်ကြီးပူဇော်ပွဲ

ရန်ကုန် အောက်တိုဘာ ၂၄

မန္တလေးအသင်း(ရန်ကုန်)က ကြီးမှူး၍ (၂၇)ကြိမ်မြောက် ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို အောက်တိုဘာ ၂၉ ရက် နံနက်၉နာရီတွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းရှိ မန္တလေးအသင်း(ရန်ကုန်)၌ မြောက်ဥက္ကလာပမြို့နယ် ဓမ္မဒေသနာပရိယတ္တိ စာသင်တိုက်မှ သံဃာတော် ၅၃ ပါးတို့အား ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။

ထို့အပြင် သက်ကြီးပူဇော်ပွဲကို အောက်တိုဘာ ၂၈ ရက် မွန်းလွဲ၂နာရီတွင် ကျင်းပမည်ဖြစ်ပြီး မန္တလေးအသင်း၊ အသင်းဝင် အသက် ၇၅ နှစ်နှင့်အထက် ပုဂ္ဂိုလ်များ ကြိုတင်စာရင်းပေးပို့ရန်နှင့် ပါဝင်လှူဒါန်းလိုသူများ မန္တလေးအသင်း(ရန်ကုန်) ဖုန်း-၃၈၈၆၀၃သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေပြည်ဟိန်းကုသိုလ်ဖြစ် ဆေးခန်းသို့ ငွေလှူဒါန်း

ရန်ကုန် အောက်တိုဘာ ၂၄

ရန်ကင်းပြည်သာယာ (ကျိုက္ကဆံစူဠာမဏိ၊ တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်းကျောင်း၌ ဖွင့်လှစ်ထားသော ကုသိုလ်ဖြစ်ဆေးခန်း၏ နေ့စဉ်ပိတ်ရက်မရှိ ဆောင်ရွက်သော အာယုဒါနနှင့် ရပ်ကွက်အလိုက် အိမ်တိုင်ရာရောက် စုရပ်အစီအစဉ်ဖြင့် ဆောင်ရွက်သော ကုသိုလ်ဖြစ် အာယုဒါန လုပ်ငန်းအတွက် လှူဒါန်းလျက်ရှိကြရာ မြောက်ဥက္ကလာပမြို့နယ် ဃ/တိုးချဲ့ သီရိကန်သာအိမ်ရာနေ ဦးကံညွန့်(မွေးနေ့)ဒါန ငွေကျပ် ၁၅၆၀၀၀၊ ပုဇွန်တောင် ၅၂လမ်းနေ ရွှေအောင်ဝင်းက ငွေကျပ်တစ်သိန်း၊ သားမောင်သူရ မွေးနေ့အတွက် ကမာရွတ်မြို့နယ်နေ ဦးမြင့်လွင်-ဒေါ်ဝင်းဝင်းကြည်တို့က ငွေကျပ်ငါးသောင်း၊ ရန်ကင်းပြည်သာယာ မြရတနာလမ်း ဦးညဏ်ဝင်း(မွေးနေ့) ဒေါ်စုစုတင် မိသားစုက ငွေကျပ်ငါးသောင်း၊ ဗဟန်းတက္ကသိုလ်ရိပ်မွန်အိမ်ရာမှ ဒေါ်ခင်ဆွေမြင့်က ငွေကျပ်နှစ်သောင်း၊ ရန်ကင်းပြည်သာယာ မြရတနာလမ်းနေ ဦးမင်းမင်းထွန်း-ဒေါ်သဇင်ထွန်း၊ သားဟိန်းသန့်ထွန်းတို့က ငွေကျပ်နှစ်သောင်း၊ ဗဟန်း ဆရာစံရပ်ကွက်၊ ကြောင်မျက်ရှင်လမ်းနေ ဦးဟန်ထွေး-ဒေါ်ရီရီစံတို့က ငွေကျပ်နှစ်သောင်း လှူဒါန်းကြသည်။ ဆေးနှင့်အလှူငွေများကို ရွှေပြည်ဟိန်းကျောင်း ဖုန်း-၅၄၁၄၉၃သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

မြန်မာ့ရိုးရာယဉ်ကျေးမှုကို မှတ်ကျောက်တင်သည့် ပြိုင်ပွဲကြီး

သတင်းထောက် သောင်းညွှန့် (မှော်ဘီ)

မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များဖြစ်သည့် မြန်မာ့ဂီတ၊ မြန်မာ့အက၊ မြန်မာ့သဘင် စသည့်အနုပညာရပ်များ အရှည်တည်တံ့စေပြီး ပြည်နယ်နှင့်တိုင်းနယ်မြေဒေသအားလုံး၌ အခြေခိုင်မာပြန့်ပွားရေး၊ အနုပညာရှင်မျိုးဆက်သစ်များ စဉ်ဆက်မပြတ် ပေါ်ထွက်လာရေး၊ အမျိုးသားရေးဂုဏ်သိက္ခာနှင့် အမျိုးသားရေးစရိုက်လက္ခဏာများရှင်သန်ရေးစသည့် ရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်စေရန် ၁၉၉၃ခုနှစ်မှစ၍ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို နှစ်စဉ်ကျင်းပလာခဲ့ရာ ယခုနှစ်တွင် (၁၄)ကြိမ်မြောက် ပြိုင်ပွဲကြီးကို နေပြည်တော်၌ ပထမဆုံး စည်ကားသိုက်မြိုက်စွာ စနစ်တကျ အောင်မြင်စွာ ကျင်းပလျက်ရှိသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များသည် နှစ်ပေါင်းထောင်ချီရှည်ကြာခဲ့ပြီး သမိုင်းစဉ် ခေတ်အဆက်ဆက်ကို ဖြတ်သန်းခဲ့မှုနှင့်အတူ အနုပညာအဆီအနှစ်များ စုစည်းရင့်ကျက်နေပြီဖြစ်သည်။ ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ့်မင်းကိုယ့်ချင်းဖြင့် ရပ်တည်ခဲ့သည့် ရှေးမြန်မာမင်းအဆက်ဆက်လက်ထက်များတွင် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအနုပညာသည် ဘာသာသာသနာအရိပ်နှင့် ထီးရိပ်နန်းရိပ်တို့၌ စတင်အခြေပြုထွန်းကားခဲ့ပြီး မြန်မာ့သဘင်၊ မြန်မာ့ဂီတတို့ စည်ပင်ဖွံ့ဖြိုးခဲ့သည့် ကုန်းဘောင်ခေတ်တွင် နန်းတွင်းဇာတ်တော်ကြီးများ၊ ရုပ်စုံသဘင်များ ခင်းကျင်းကပြနေသည့်အဆင့်ကို ရောက်ရှိနေပြီဖြစ်သကဲ့သို့ ထီးနန်းဝန်းကျင်ဘွဲ့၊ ဘုန်းတော်ဘွဲ့၊ သဘာဝဘွဲ့၊ အချစ်ဘွဲ့၊ အလွမ်းဘွဲ့တို့ကို ရေးဖွဲ့သည့် ကြိုး၊ ဘွဲ့၊ သီချင်းခံ၊ ပတ်ပျိုး၊ ယိုးဒယားစသော တေးဂီတများပေါ်ထွက်ခဲ့သည်။ တစ်ချိန်တည်းမှာပင် ဗုံကြီးသံ၊ စည်တော်သံ၊ အိုးစည်သံ၊ ဒိုးပတ်သံ၊ ကောက်စိုက်တေး၊ မောင်းထောင်းတေး စသည့် သာမန်ပြည်သူတို့ သီဆိုသည့်တေးသံများ၊ တိုင်းရင်းသားတေးသံများသည်လည်းပေါ်ထွက်ခဲ့သည်။ မြန်မာ့ယဉ်ကျေးမှု အနုပညာသည် မြန်မာ့ဘဝ၊ မြန်မာ့ဓလေ့စရိုက်ကို ပြောင်မြောက်ပီပြင်စွာ ထင်ဟပ်ဖော်ကျူးနိုင်သည့် အဆင့်အတန်းမြင့်မားသည့် အခြေအနေကို ရှေးဦးကာလကပင်ရောက်ရှိနေပြီဖြစ်ပေသည်။

မြန်မာနိုင်ငံသည် ယဉ်ကျေးမှုလည်းမြင့်မား၊ လူဦးရေကလည်းများသည့် အိမ်နီးချင်းနိုင်ငံကြီးများနှင့် ရှေးခေတ်ကတည်းကပင် တန်းတူရည်တူရင်းနှီးစွာ ကူးလူးဆက်ဆံသကဲ့သို့ တစ်ဖက်တွင်လည်း ကိုယ့်မင်းကိုယ့်ချင်း၊ ကိုယ်ပိုင်နိုင်ငံ၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေတို့ကို ထူထောင်ပြီး ကိုယ်ပိုင်အမျိုးသားရေးလက္ခဏာများဖြင့် ရပ်တည်နေထိုင်ခဲ့သော အစဉ်အလာရှိသည့်နိုင်ငံဖြစ်ပေသည်။

ဤအစဉ်အလာ ရေခံ၊ မြေခံ၊ အမွေခံကောင်းတို့ကြောင့် မြန်မာတို့သည် မိမိတို့ သီးသီးသန့်သန့် ပျိုးထောင်လာခဲ့ကြသည့် အမျိုးသားယဉ်ကျေးမှုနှင့်ယှဉ်တွဲပြီး ကိုယ်ပိုင်အမျိုးသားရေး စရိုက်လက္ခဏာနှင့် အမျိုးသားရေးဥပဓိရုပ်တို့ကို ထိန်းသိမ်းစောင့်ရှောက်ရင်း ထည်ထည်ဝါဝါ ကျက်သရေရှိရှိ ရှင်သန်ရပ်တည်နေနိုင်ခြင်းဖြစ်သည်။

မြန်မာ့ယဉ်ကျေးမှုအနုပညာသည် ထိုကဲ့သို့ ကိုယ်ပိုင်အမျိုးသားရေးလက္ခဏာများနှင့်ရပ်တည်ထွန်းပြောင်နိုင်ခဲ့ခြင်းမှာ မိမိတို့ဘိုးဘွားဘီဘင်များ၏ စိတ်ဓာတ်ကောင်း၊ သတ္တိကောင်း၊ သတိကောင်း၊ ဝီရိယကောင်း၊ စွမ်းအားကောင်းတို့ကြောင့် ဖြစ်ပေသည်။ ထိုကဲ့သို့ အစဉ်အလာရှိသည့် အမျိုးသားရေး လက္ခဏာကောင်းများကို ထိန်းသိမ်းကာကွယ်နိုင်ရန်နှင့်မျိုးဆက်သစ်များကို လက်ဆင့်ကမ်းအမွေကောင်း ပေးနိုင်ရန် သမိုင်းရေးရာအရနှင့် အမျိုးစောင့်တရားများအရပါ မလွဲမသွေ ထမ်းဆောင်ရမည့်တာဝန်သည် မိမိတို့အားလုံးအပေါ်တွင် ကျရောက်နေပြီဖြစ်သည်။

မြန်မာ့လူ့ဘောင်အဖွဲ့အစည်း၌ နှစ်ပေါင်းရှည်ကြာ အမြစ်တွယ်ရှင်သန်ဖြစ်ထွန်းလာခဲ့သည့် တရားမျှတမှု၊ ကိုယ်ကျင့်တရားမြင့်မြတ်မှု၊ တည်ကြည်ဖြောင့်မတ်မှု၊ ကိုယ်ချင်းစာနာမှု၊ မေတ္တာတရားထားရှိမှုစသည့် အမွန်အမြတ်တရားများ၊ ဟီရိဩတ္တပ္ပတရားနှစ်ပါးနှင့် ဗြဟ္မစိုရ်တရားလေးပါးတို့ လွှမ်းခြုံနေသော မြန်မာ့ရိုးရာဓလေ့စရိုက် အစဉ်အလာများနှင့် မြင့်မြတ်သည့် မြန်မာ့စိတ်ရင်းကောင်းတို့သည် မြန်မာ့အနုပညာရပ်များတွင် နက်နက်ရှိုင်းရှိုင်း စိမ့်ဝင်နေသည်ကို တွေ့ကြရမည်ဖြစ်သည်။

ထို့ကြောင့် မြန်မာတို့ကို မျိုးရိုးဂုဏ်ရှိန် မြင့်မားထည်ဝါသော လူမျိုးအဖြစ်သမိုင်းမော်ကွန်းတင်လာခဲ့သည့် အစဉ်အလာကောင်းများ၊ စွမ်းရည်ကောင်းများကို ထိန်းသိမ်းမြှင့်တင်ရန်၊ မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းအမွေပေးနိုင်ရန်၊ တန်ဖိုးကြီးမားပြီးစွမ်းအားထက်မြက်သည့် အနုပညာစွမ်းပကားကို တိုင်းပြည်နှင့်လူမျိုးမြှင့်တင်ရေးတွင် အစွမ်းထက်ထိရောက်စွာ အသုံးပြုနိုင်စေရန် စသည့် အမျိုးသားရေးတာဝန်ကြီးနှင့် ဆက်စပ်ပြီး မွန်မြတ်သော ဦးတည်ချက်(၇)ရပ်ဖြင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို နေပြည်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပေသည်။

မဟာဂီတအဆိုပြိုင်

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် (အမျိုးသား) မဟာဂီတ အဆိုပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။

ယင်းဦးတည်ချက် (၇)ရပ်ကို လေ့လာမည်ဆိုပါက **"မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန် ထက်မြက်မြင့်မားရန်"** ဟူသော ပထမဦးတည်ချက်ကို တွေ့ရပါမည်။ မြန်မာတို့သည် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ရိုးရာဂီတအနုပညာရပ်တို့ဖြင့် နှစ်ပေါင်း ထောင်ချီ၍ သမိုင်းရှည်ကြာ တည်တံ့နေခဲ့ကြပြီးဖြစ်သည်။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိမာန်တို့သည် မြန်မာတို့၌ တဖွားဖွား နိုးကြားရှင်သန်ခဲ့ကြသည်။ ထို့ကြောင့် ယနေ့ခေတ် မျိုးဆက်သစ်လူငယ်၊ လူရွယ်များအပါအဝင် နိုင်ငံသူ၊ နိုင်ငံသား အပေါင်းတို့အနေဖြင့် မြန်မာတို့၏ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိမာန်ကို ဆက်လက်ရှင်သန်နိုးကြားလာစေရန် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးက မြှင့်တင်ဖော်ဆောင်သွားနိုင်မည်ဖြစ်ပေသည်။

"မြန်မာ့ရိုးရာ ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်"သည် ယခုနှစ် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး၏ ဒုတိယ ဦးတည်ချက်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးအတွက် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးသည် အဓိကကျသော ဂုဏ်ဒြပ်တစ်ခုဖြစ်သည်။ ရိုးရာယဉ်ကျေးမှု အမွေအနှစ်ကို ရှေးမြန်မာဘိုးဘေးဘီဘင်အစဉ်အဆက်မှ လက်ဆင့်ကမ်း ထိန်းသိမ်းခဲ့ကြရာ မျက်မှောက်ကာလတွင်လည်း မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်ကို မြတ်နိုးတန်ဖိုးထား၍ ထိန်းသိမ်းစောင့်ရှောက်ကြရန်မှာ အမျိုးသားရေးတာဝန်ဖြစ်ပေသည်။

"မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာ စစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်" သည် ယခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၏ တတိယဦးတည်ချက်ဖြစ်ပေသည်။ ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်စံရှိခဲ့သော မြန်မာ့သုခုမ အနုပညာသည် မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ဖြစ်ပေသည်။ ပညာရှင်တို့ ထိန်းသိမ်းထားခဲ့သော ရိုးရာတေးဂီတနှင့် အကပညာများစွမ်းရည်ကို မှတ်ကျောက်တင် ဖော်ပြသည့် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးတွင် အများပြည်သူ ပရိသတ်တို့၏ ရှေ့မှောက်၌ အကဲခတ်ခွင့် ရရှိနေပြီဖြစ်ပေသည်။

မြန်မာ့ရိုးရာ ယဉ်ကျေးမှု၊ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၏ စတုတ္ထဦးတည်ချက်မှာ **"မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်"** ဖြစ်ပေသည်။ ယနေ့ကာလတွင် အနောက်တိုင်း ယဉ်ကျေးမှုစရိုက်လက္ခဏာများသည် တစ်စထက်တစ်စ ထိုးဖောက်နေရာယူလျက်ရှိပေသည်။ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ်အဖြစ် မှတ်ကျောက်တင်ခံနိုင်မည့် စရိုက်လက္ခဏာများကို မပျောက်ပျက်ရန် ထိန်းသိမ်းကာကွယ်ရေးသည် မဖြစ်မနေလိုအပ်ပေသည်။ ယင်းလိုအပ်ချက်ကို မြန်မာ့ရိုးရာယဉ်ကျေးမှု၊ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးဖြင့် ထိန်းသိမ်းစောင့်ရှောက်နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

လူငယ်ထု စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရေးသည် ယနေ့အချိန်အခါတွင် အရေးတကြီး လိုအပ်လျက်ရှိပေသည်။ လူငယ်ထုအတွင်း မှန်ကန်သော စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုရှိမှသာ အတွေးအခေါ်အယူအဆ၊ အသိအမြင်မှန်ကန်နိုင်မည် ဖြစ်ပေသည်။ သို့အတွက် **"လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရန်"**သည် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး၏ ပဉ္စမဦးတည်ချက်အဖြစ် ချမှတ်ဖော်ပြထားပါသည်။

ယနေ့ မျက်မှောက်ခေတ်သည် သတင်းနှင့်နည်းပညာများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်နေသည့်ခေတ် ဖြစ်သည်နှင့်အညီ နိုင်ငံအသီးသီး၏ နယ်ပယ်အသီးသီးတွင် သက်ရောက်မှုရှိနေပေသည်။ အကျိုးသက်ရောက်မှုရှိသကဲ့သို့ အဆိုးသက်ရောက်မှုလည်း ရှိပေသည်။ အနောက်တိုင်း ယဉ်ကျေးမှုသည် ခေတ်ရေစီးကြောင်းနှင့်အတူ ရောနှောပါဝင်လာနေရာ ယင်းအချက်ကို ကာကွယ်တားဆီးကြရန် လိုအပ်ပေသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးသည် မြန်မာ့ယဉ်ကျေးမှု နယ်ပယ်အတွင်း အနောက်တိုင်းယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေးအတွက် မဟာတံတိုင်းကြီးသဖွယ် မားမားမတ်မတ်ရပ်တည်နိုင်ရန် **"တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်"** ဟူသော ဆဋ္ဌမဦးတည်ချက်ကို အလေးအနက် ဖော်ပြထားကြောင်း တွေ့ရမည်ဖြစ်ပေသည်။

တိုင်းရင်းသားများအားလုံး စုစည်းနေထိုင်သည့် ပြည်ထောင်စုမြန်မာနိုင်ငံဖြစ်သည့်အတွက် ပြည်ထောင်စုစိတ်ဓာတ် ထာဝရရှင်သန်နေရန် အရေးကြီးပေသည်။ ယခုကဲ့သို့ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပပေးခြင်းအားဖြင့် တစ်ဖက်ကလည်း တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပိုမိုခိုင်မာလာစေပြီး ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ခိုင်မာသည်ထက် ခိုင်မာလာမည် ဖြစ်ပေသည်။ ပြည်ထောင်စုစိတ်ဓာတ်သည် တိုင်းရင်းသားအားလုံး ထာဝရ ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်ခြင်းကြောင့် **"စစ်မှန်သော ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ် ပိုမိုရှင်သန်ခိုင်မာစေရန်"**ဟူသော သတ္တမ ဦးတည်ချက်ကို အလေးအနက် ဖော်ပြထားကြောင်း တွေ့ရမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ မွန်မြတ်သော ဦးတည်ချက်များဖြင့် နှစ်စဉ်မပြတ်ကျင်းပမြဲ ဖြစ်သည့်အတိုင်း ယခုနှစ် ကျင်းပလျက်ရှိသော (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို အလေးအနက် ဂုဏ်ပြုအပ်ပါသည်။ ။

မြန်မာ့အသေးစားချေးငွေလုပ်ငန်း၏ ရာဖြတ်ခြင်းနှင့် လုပ်ငန်းကျွမ်းကျင်မှုသင်တန်းဖွင့်

ရန်ကုန် အောက်တိုဘာ ၂၄

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့အသေးစား ချေးငွေလုပ်ငန်း၏ ရာဖြတ်ခြင်းနှင့် လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၂/၂၀၀၆) ဖွင့်ပွဲကို အောက်တိုဘာ ၂၃ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာ့အသေးစားချေးငွေလုပ်ငန်းသင်တန်းခန်းမ၌ ကျင်းပရာ ဦးဆောင်ညွှန်ကြားရေးမှူး(ပူးတွဲတာဝန်) အထွေထွေမန်နေဂျာ ဦးအောင်မြင့်ထွန်းက သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ မြန်မာ့အသေးစားချေးငွေလုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာနှင့် အရာထမ်း၊ အမှုထမ်းများ၊ ပြည်နယ်နှင့်တိုင်းအသီးသီးမှ သင်တန်းသား၊သင်တန်းသူ ၃၅ ဦး အပါအဝင် ၉၀ တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တသုံးပတ်ကြာမြင့်မည်ဖြစ်သည်။ (၃၂)

ရေနံနှင့် သဘာဝဓာတ်ငွေ့ တင်သွင်းမှု အီးယူအဖွဲ့ဝင်နိုင်ငံများ လျှော့ချမည်

ဝါဆော အောက်တိုဘာ ၂၃

စွမ်းအင်တင်သွင်းမှုအပေါ် မှီခိုနေရမှု လျှော့ချရေးမှာ ဥရောပသမဂ္ဂ (အီးယူ) စွမ်းအင်ဝါဒဆိုင်ရာ ဦးစားပေး လုပ်ငန်းတစ်ရပ်ဖြစ်သင့်ကြောင်း ဝါဆောမြို့သို့ရောက်ရှိနေသော ဒိန်းမတ်ဝန်ကြီးချုပ် အန်ဒါဖော့ချ်ရက်စ်မူဆန်က အောက်တိုဘာ ၁၉ ရက်တွင် ပြောကြားကြောင်း ပီအေပီသတင်းဌာနက ဖော်ပြသည်။

ပိုလန်ဝန်ကြီးချုပ် ဂျာရိစလော့ကာဇိုင်ကီးနှင့် ဒိန်းမတ်ဝန်ကြီးချုပ်တို့ တွေ့ဆုံဆွေးနွေးပြီးနောက် သတင်းစာရှင်းလင်းပွဲတွင် ဒိန်းမတ်ဝန်ကြီးချုပ် ရက်စ်မူဆန်က ယင်းသို့ပြောကြားခြင်းဖြစ်သည်။ ရေနံအပေါ်တွင် မှီခိုနေမှု လျှော့ချနိုင်ရန် အဖန်ဖန်ထုတ်ယူနိုင်သော စွမ်းအင်အရင်းမြစ်များမှ စွမ်းအင် ထုတ်ယူရေးသည် အရေးကြီးကြောင်း ရက်စ်မူဆန်က ပြောကြားခဲ့သည်။

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် စွမ်းအင်ကွန်ရက်တစ်ခု တည်ထောင်ထားသင့်ကြောင်း၊ စွမ်းအင်နည်းပညာသစ်အတွက် သုတေသန ပိုမိုလုပ်ဆောင်ရန်လည်း လိုအပ်ကြောင်း ၎င်းက တိုက်တွန်းနှိုးဆော်ခဲ့သည်။

ဒိန်းမတ်နိုင်ငံသည် စွမ်းအင်စုဆောင်းရေးနှင့် အရင်းအမြစ်သစ်များ ရှာဖွေရေးတွင် အတွေ့အကြုံ ကောင်းစွာရှိကြောင်း၊ ယင်းအတွေ့အကြုံကို အခြားသော ဥရောပနိုင်ငံများအနေဖြင့် အသုံးပြုသင့်ကြောင်း ကာဇိုင်ကီးက သတင်းထောက်များကို ပြောကြားသည်။

အီးယူအဖွဲ့ဝင်နိုင်ငံများသည် ရေနံနှင့်သဘာဝဓာတ်ငွေ့ တင်သွင်းမှုအပေါ်တွင် မှီခိုနေရကြောင်း၊ အီးယူနိုင်ငံများတွင် သုံးစွဲသည့် ဓာတ်ငွေ့ပမာဏ၏ ၄၆ရာခိုင်နှုန်းနှင့် ရေနံပမာဏ၏ ၂၀ရာခိုင်နှုန်းကိုသာလျှင် အဖွဲ့ဝင်နိုင်ငံများ၌ ထုတ်လုပ်နိုင်ကြောင်း အီးယူအစီရင်ခံစာတွင် ဖော်ပြထားသည်။ အီးယူသို့ ရေနံနှင့်ဓာတ်ငွေ့ အများဆုံးတင်ပို့သောနိုင်ငံမှာ ရုရှားနိုင်ငံဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

မော်စကိုမြို့တွင် အလည်အပတ်ရောက်ရှိနေသော အစ္စရေးဝန်ကြီးချုပ် အီဟွဒ်အိုလ်မတ် သူရဲကောင်းစစ်သည်ဗိမာန်သို့ အောက်တိုဘာ ၂၀ ရက်က သွားရောက်ပြီး အလေးပြုစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တရုတ်စက်မှုလုပ်ငန်းထုတ်လုပ်မှု တိုးတက်လာ

ပေကျင်း အောက်တိုဘာ ၂၃

တရုတ်နိုင်ငံ၏ စက်မှုလုပ်ငန်းထုတ်လုပ်မှုသည် ၂၀၀၆ ခုနှစ် ပထမကိုးလတွင် စုစုပေါင်း ယွမ် ၆ ဒသမ ၂၂ ထရီလီယံ (အမေရိကန်ဒေါ်လာ ၇၇၇ ဒသမ ၇၆ ဘီလီယံ)ဖိုး ရှိပြီး ယမန်နှစ် အလားတူကာလကထက် ၁၇ ဒသမ ၂ ရာခိုင်နှုန်း ပိုမိုတိုးတက်လာကြောင်း ဆင်ဟွာ သတင်းတစ်ရပ်တွင် ရေးသားဖော်ပြသည်။

တရုတ်နိုင်ငံ၏ စက်မှုလုပ်ငန်း ထုတ်ကုန်ပစ္စည်း တန်ဖိုးမှာ စက်တင်ဘာ တစ်လတည်းမှာပင် ယွမ် ၇၇၅ ဒသမ ၄ ဘီလီယံ (အမေရိကန်ဒေါ်လာ ၉၆ ဒသမ ၉၃ သန်း) ရှိပြီး ၁၆ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်လာကြောင်း အမျိုးသား စာရင်းအင်းဗျူရို (အန်ဘီအက်စ်) ပြောရေးဆိုခွင့်ရှိသူ လီဇီအိုချာအိုက ပြောကြားသည်။

အကြီးစားစက်မှုလုပ်ငန်း၏ ထုတ်လုပ်မှု ၁၈ ဒသမ ၂ ရာခိုင်နှုန်း၊ အသေးစားစက်မှုလုပ်ငန်း ထုတ်လုပ်မှု ၁၄ ဒသမ ၉ ရာခိုင်နှုန်း အသီးသီး တိုးတက်လာကြောင်း အန်ဘီအက်စ်က ဖော်ပြသည်။ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု ၁၂ ဒသမ ၉ ရာခိုင်နှုန်း၊ ကျောက်မီးသွေးထုတ်လုပ်မှု ၁၁ ဒသမ ၇ ရာခိုင်နှုန်း၊ သံမဏိကုန်ကြမ်းထုတ်လုပ်မှု ၁၈ ဒသမ ၄ ရာခိုင်နှုန်းနှင့် သံမဏိပြားထုတ်လုပ်မှု ၂၃ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်လာသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပါကစ္စတန်နှစ်ဦး ဂွာတာနာမိုအကျဉ်းစခန်းမှ လွတ်မြောက်လာ

အစ္စလမ္မာဘတ် အောက်တိုဘာ ၂၃

ကျူးဘားပင်လယ်အော်ရှိ ဂွာတာနာမို အမေရိကန်အကျဉ်းစခန်းတွင် ထိန်းသိမ်းထားသည့် ပါကစ္စတန်အကျဉ်းသားနှစ်ဦးကို တနင်္လာနေ့တွင် လွှတ်ပေးလိုက်ကြောင်း ပါကစ္စတန် တာဝန်ရှိသူ ပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

အခြားပါကစ္စတန် အကျဉ်းသား ခြောက်ဦးကိုလည်း အာဖဂန်နစ္စတန်နိုင်ငံရှိ ဘာဂရမ်လေတပ် အခြေစိုက်စခန်းတွင် ထိန်းသိမ်းထားခဲ့ရာမှ ပြန်လည်လွှတ်ပေးခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးအာမက်ခန့်ရှာ ပါအိုက ရုပ်မြင်သံကြားဌာနတစ်ခုသို့ ပြောကြားသည်။

လွတ်မြောက်လာသည့် အကျဉ်းသားအားလုံးကို ထုတ်ဖော်ကြေညာခြင်းမရှိသည့် နေရာတစ်နေရာတွင် ပြန်လည်လွှတ်ပေးလိုက်ပြီး ၎င်းတို့ကို နေအိမ်သို့ ပြန်ခွင့်ပြုကြောင်း ၎င်းက ပြောကြားသည်။

ရာပေါင်းများစွာရှိ ပါကစ္စတန်နိုင်ငံသားများသည် အမေရိကန်တပ်ဖွဲ့ဝင်များကို တိုက်ခိုက်နေသည့် တာလီဘန်ပြောက်ကျားများအား အကူအညီပေးနိုင်ရန် အာဖဂန်နစ္စတန်နိုင်ငံအတွင်းသို့ ဖြတ်ကျော် ဝင်ရောက်ခဲ့ကြသည်ဟု သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးပြည်နယ်၌ မိုးခေါင်မှုကြောင့် မွေးမြူရေးနွားများအား မြက်ခြောက်များ ကျွေးနေရသည်ကို အောက်တိုဘာ ၂၃ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်တွင် ပြည်တွင်းစစ်ဖြစ်နိုင် အီဂျစ်နိုင်ငံခြားရေးဝန်ကြီး သတိပေး

ကိုင်ရို အောက်တိုဘာ ၂၃

အီရတ်နိုင်ငံတွင် မငြိမ်မသက်မှုကြောင့် ပြည်တွင်းစစ်ဖြစ်ပွားလာနိုင်ကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီး အာမက်ဒ်အဘူလ်ဂျက်က အောက်တိုဘာ ၂၂ ရက်တွင် သတိပေးလိုက်ကြောင်း မီနာသတင်းဌာနက ဖော်ပြထားသည်။

အီရတ်နိုင်ငံတွင် နောက်ဆုံးဖြစ်ပေါ်နေမှုများကို အီဂျစ်နိုင်ငံက လေ့လာစောင့်ကြည့်နေကြောင်းနှင့် အီရတ်နိုင်ငံ၏ ဆိုးရွားလာသည့် အခြေအနေကို လွန်စွာစိုးရိမ်ပူပန်မိကြောင်း အဘူလ်ဂျက်က ပြောကြားသည်။

ဆော်ဒီအာရေဗျနိုင်ငံ မက္ကာမြို့တွင် အီရတ်နိုင်ငံမှ ဆွန်နီနှင့် ရှီးယိုက်ခေါင်းဆောင်တို့ တွေ့ဆုံဆွေးနွေးလျက်ရှိကြောင်း၊ ယင်းဆွေးနွေးပွဲသည် အီရတ်နိုင်ငံတွင် ငြိမ်းချမ်းမှုနှင့် တည်ငြိမ်ဖြစ်ပေါ်လာစေရေးအတွက် အထောက်အကူပေးနိုင်ကြောင်း ၎င်းက ပြောကြားသည်။

ကမ္ဘာ့နိုင်ငံများသည် အီရတ်နိုင်ငံတွင် အကြမ်းဖက်မှု အဆုံးသတ်နိုင်ရေးအတွက် ဆောင်ရွက်ပေးရန် အဘူလ်ဂျက်က တောင်းဆိုခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဗင်နီဇွဲလားသို့ လေယာဉ်ရောင်းချမှု စပိန်ကုမ္ပဏီ ပယ်ဖျက်

မဒရစ် အောက်တိုဘာ ၂၃

စပိန်ကုမ္ပဏီတစ်ခုက ဗင်နီဇွဲလားနိုင်ငံသို့ လေယာဉ်ရောင်းချမှုကို ပယ်ဖျက်လိုက်ကြောင်း၊ အကြောင်းမှာ ယင်းကုမ္ပဏီကို အမေရိကန်က လေယာဉ်အပိုပစ္စည်း အစိတ်အပိုင်းများ ရောင်းချမှုကို ပိတ်ပင်ထားသဖြင့် ယာဉ်အပိုပစ္စည်းများ ဝယ်ယူရာတွင် အလွန်အမင်း ကုန်ကျစရိတ် များပြားနိုင်ခြင်းကြောင့်ဖြစ်ကြောင်း စပိန်နိုင်ငံခြားရေးဝန်ကြီး မိုရာတီနိုက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

စပိန်လေယာဉ် ထုတ်လုပ်ရေးကုမ္ပဏီဖြစ်သော ကွန်စထရပ်ရှင်း အဲရိုးနော့တစ်အက်စ်အေကုမ္ပဏီသည် ဗင်နီဇွဲလားအစိုးရသို့ သယ်ယူပို့ဆောင်ရေး လေယာဉ် ၁၂ စင်းနှင့် စီအင်-၂၃၅ ထောက်လှမ်းရေး လေယာဉ်နှစ်စင်း ရောင်းရမည့် အစီအစဉ်ကို ပယ်ဖျက်ခဲ့သည်။ အမေရိကန်ဒီဇိုင်းနှင့် လေယာဉ်အစိတ်အပိုင်းများ အသုံးပြုခြင်းမရှိနိုင်စေရန် အမေရိကန်နိုင်ငံက ယင်းကုမ္ပဏီအား ပိတ်ပင်တားမြစ်ထားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ထိုင်းဝန်ကြီးချုပ် ဆူရာယုဒ် ဖိလစ်ပိုင်နိုင်ငံသို့ သွားရောက်လည်ပတ်

မနီလာ အောက်တိုဘာ ၂၄

ထိုင်းနိုင်ငံဝန်ကြီးချုပ် ဆူရာယုဒ်ချူလာနွန်သည် အောက်တိုဘာ ၂၃ ရက်က ဖိလစ်ပိုင်နိုင်ငံသို့ သွားရောက်လည်ပတ်ပြီး ဖိလစ်ပိုင်သမ္မတ ဂလိုရီယာမာဂါပါဂဲလ်အာရိုယိုနှင့် တွေ့ဆုံကာ နှစ်နိုင်ငံနှင့် ဒေသဆိုင်ရာကိစ္စများကို ဆွေးနွေးခဲ့သည်။

မိမိနိုင်ငံ၏အခြေအနေကို အဆွေတော်၏အကူအညီဖြင့် အမြန်ဆုံး ပုံမှန်အခြေအနေသို့ ရောက်ရှိစေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ်က တွေ့ဆုံပွဲ၌ အိမ်ရှင်သမ္မတကို အသိပေးပြောကြားခဲ့သည်။

အာဆီယံထိပ်သီးအစည်းအဝေးကို ဖိလစ်ပိုင်၌ ဒီဇင်ဘာလတွင်ပြုလုပ်မည့်အစီအစဉ်ကိုလည်း မိမိတို့က အပြည့်အဝ ထောက်ခံပါကြောင်း ထိုင်းဝန်ကြီးချုပ်က ငါးနာရီကြာ ခရီးစဉ်အတွင်း အသိပေးပြောကြားသွားသည်။

ယင်းနှစ်နိုင်ငံအကြား အပြန်အလှန် ကုန်သွယ်ရေးသည် ၂၀၀၅ ခုနှစ်က အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၉ဘီလီယံအထိ စံချိန်တင်ရောက်ရှိခဲ့ပြီဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တရုတ်နိုင်ငံ အလယ်ပိုင်း ရှန်ဇီပြည်နယ် တေယန် အာကာသယာဉ် လွှတ်တင်ရေးစခန်းမှ ဂြိုဟ်တုနှစ်လုံးကို သယ်ဆောင်သွားသည့် ဒုံးပျံကို အောက်တိုဘာ ၂၄ ရက်က လွှတ်တင်လိုက်စဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နိုဝင်ဘာ ၁၇ ရက်မှစ၍ အိုပက်ရေနံထုတ်လုပ်မှု လျှော့ချမည်

ကူဝိတ်စီးတီး အောက်တိုဘာ ၂၃

ရေနံတင်ပို့ရောင်းချသော နိုင်ငံများအဖွဲ့ (အိုပက်)သည် နိုဝင်ဘာ ၁ရက် မှစတင်၍ ရေနံနေ့စဉ်ထုတ်လုပ်မှုပမာဏကို ပီပါ ၁ဒသမ၂သန်း လျှော့ချမည်ဟု သောကြာနေ့တွင် ထုတ်ပြန်ကြေညာလိုက်သည်။ ယင်းဆုံးဖြတ်ချက်ကို ကာတာနိုင်ငံ ဒိုဟာတွင်ကျင်းပသည့် အိုပက် အထူးအစည်းအဝေးတွင် ချမှတ်ခဲ့ခြင်းဖြစ်သည်။ ၂၀၀၄ခုနှစ် ဧပြီလနောက်ပိုင်းတွင် အိုပက်က ရေနံထုတ်မှုကို ပထမဆုံးအကြိမ် လျှော့ချခြင်းဖြစ်သည်။

အိုပက်က ရေနံနေ့စဉ်ထုတ်လုပ်မှုကို ပီပါ ၂၇ဒသမ၅သန်းမှ ၂၆ဒသမ၃ သန်းသို့လျှော့ချရန် ဆုံးဖြတ်ခဲ့သည်ဟု အိုပက် ပြောရေးဆိုခွင့်ရှိသူ အိုမာဖာ ရောက်အီဘရာဟင်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာ စိုက်ပျိုးရေးထုတ်ကုန်ပြပွဲ မလေးရှား၌ ကျင်းပမည်

ကွာလာလမ်ပူ အောက်တိုဘာ ၂၃

၂၀၀၆ ခုနှစ် နိုင်ငံတကာ လယ်ယာစိုက်ပျိုးရေး၊ ဥယျာဉ်စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးအခြေခံကုန်ပစ္စည်းခရီးသွား လုပ်ငန်းပြပွဲ (အမ်အေအိပ်ချ်အေ)ကို နိုဝင်ဘာလတွင် မလေးရှားနိုင်ငံ၌ ကျင်းပမည်ဖြစ်ကြောင်း၊ ယင်းသို့ ကျင်းပခြင်းမှာ စိုက်ပျိုးရေးကဏ္ဍ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရန်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက အောက်တိုဘာ ၂၁ ရက်တွင် ပြောကြားသည်။

ပြောကြား

အမ်အေအိပ်ချ်အေပြပွဲကို ဆီလန်ဂေါ် ပြည်နယ် ဆာဒန်ဒေသရှိ မလေးရှား စိုက်ပျိုးရေးပြပွဲ ဥယျာဉ်တွင် နိုဝင်ဘာ ၂၁ ရက်မှ ၂၆ ရက်အထိ ခင်းကျင်း ပြသမည်ဖြစ်ကြောင်းစိုက်ပျိုးရေးအခြေခံ စက်မှုဝန်ကြီးဌာန ပါလီမန်အတွင်းဝန် ရိုဟာနီအဒူလ်ကာရမ်ကပြောကြားသည်။

ရည်ရွယ်

အဆိုပါပြပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ စိုက်ပျိုးရေးထုတ်ကုန်ဆိုင်ရာ ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်လာစေရန်၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဝန်ဆောင်မှုလုပ်ငန်းများတွင်နည်းပညာ သစ်များ သုံးစွဲလာစေရန် ဖြစ်ကြောင်း မလေးရှားနိုင်ငံအရှေ့ပိုင်း ဆာရာဝပ် ပြည်နယ်တွင်ရိုဟာနီကသတင်းထောက်များကို ပြောကြားသည်။

ယင်းပြပွဲတွင် တရုတ်၊ ဩစတြေးလျ နှင့် အိန္ဒိယနိုင်ငံအပါအဝင် ဒေသဆိုင်ရာ နှင့် နိုင်ငံပေါင်း ၁၀နိုင်ငံမှ ပြခန်းပေါင်း ၁၄၉ ခန်း ခင်းကျင်း ပြသမည် ဖြစ်ကြောင်း ရိုဟာနီက ပြောကြားသည်။

ပါဝင်မည်

မလေးရှားကုမ္ပဏီများ၏ ထုတ်ကုန်များနှင့် နောက်ဆုံးပေါ်နည်းပညာတို့ကိုပြသမည့် ပြခန်း ၇၈၇ ခန်းလည်း ပါဝင်မည်ဖြစ်သည်။***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်နိုင်ငံမြောက်ပိုင်း ကယ်ကွတ်မြို့တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို အောက်တိုဘာ ၂၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင်လေးဦး တိုက်ခိုက်ခံရမှုကြောင့် သေဆုံး

ဘဂ္ဂဒက် အောက်တိုဘာ ၂၄

အီရတ်နိုင်ငံတွင် တနင်္ဂနွေက ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုများအတွင်း အမေရိကန်တပ်ဖွဲ့ဝင် လေးဦး သေဆုံးသွားခဲ့ရာ အီရတ်နိုင်ငံတွင် ယခုလအတွင်း သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင် ဦးရေသည် ၈၅ ဦးရှိသွားပြီဖြစ်သည်။

တိုက်ခိုက်ရေးသမားများက အမေရိကန်တပ်ဖွဲ့ဝင်များ၏ လှည့်ကင်းကို ဘဂ္ဂဒက်မြို့ အနောက်ပိုင်းတွင် လက်နက်ငယ်များဖြင့် တိုက်ခိုက်ခဲ့ပြီးသည့်နောက် အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦးတို့ တနင်္ဂနွေနေ့ နံနက် ၁၁နာရီ ၂၅ မိနစ်တွင် သေဆုံးခဲ့သည်ဟု စစ်ဘက်က ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့ဝင်များ၏ လှည့်ကင်းယာဉ်သည် ဘဂ္ဂဒက်မြို့ အရှေ့ပိုင်းတွင် လမ်းဘေးဗုံး ဖောက်ခွဲခံရသဖြင့် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး မကြာမီမှာပင် ဘဂ္ဂဒက်အနောက်တောင်ပိုင်း၌ စတုတ္ထမြောက်တပ်ဖွဲ့ဝင် သေဆုံးခဲ့ရသည်ဟု ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု မိုဇမ်ဘစ် ဆွဲဆောင်မည်

လူအန်ဒါ အောက်တိုဘာ ၂၃

မိုဇမ်ဘစ်နိုင်ငံသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်နိုင်ရန်အတွက် ကြိုးပမ်းလုပ်ဆောင်လျက် ရှိကြောင်း မိုဇမ်ဘစ်နိုင်ငံ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီး အန်တိုနီဖာနန်ဒိုက ပြောကြားသည်။

အမေရိကန်နိုင်ငံနှင့် မိုဇမ်ဘစ်နိုင်ငံတို့သည် ၂၀၀၅ ခုနှစ်က ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု (တီအိုင်အက်ဖ်အေ) သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးပြီးချိန်နောက်ပိုင်း အဆိုပါနှစ်နိုင်ငံ၏ ပထမဆုံးအကြိမ်ကုန်သွယ်ရေးဆွေးနွေးပွဲပိတ်ပွဲတွင် ဖာနန်ဒိုက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

အာဖရိက ဖွံ့ဖြိုးတိုးတက်မှုနှင့် အခွင့်အလမ်းများဆိုင်ရာ အမေရိကန်အက်ဥပဒေအရ အာဖရိကကုန်ပစ္စည်းများကို အမေရိကန်နိုင်ငံ အတွင်းသို့ အကောက်ခွန်လွတ် တင်သွင်းနိုင်ရေးကို ခွင့်ပြုထားသည်။***အမ်အင်အေ၊ဆင်ဟွာ။***

အိန္ဒိယနိုင်ငံ အမ်ရစ်ဆာမြို့တွင် ရိုးရာပွဲတော်တစ်ခု ကျင်းပနေသည်ကို အောက်တိုဘာ ၂၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ လူတုစက်ရုပ် စွမ်းရည် ပြသနေသည်ကို အောက်တိုဘာ ၂၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာရုပ်ရှင်ပွဲတော် တိုကျို၌ဖွင့်လှစ်

တိုကျို အောက်တိုဘာ ၂၃

၁၉ကြိမ်မြောက် နိုင်ငံတကာ တိုကျိုရုပ်ရှင်ပွဲတော်ကို ရော့ပွန်ဂီတောင်ကုန်းတွင် စနေနေ့က ဖွင့်လှစ်လိုက်သည်။ ယင်းရုပ်ရှင်ပွဲတော်တွင် ကျွန်ုပ်တို့ဖခင်များ၏ အလံတော်များအမည်ရှိ ရုပ်ရှင်ဇာတ်ကားကို စတင်ပြသသည်။ အဆိုပါ ရုပ်ရှင်ပွဲတော်ဖွင့်ပွဲသို့ သရုပ်ဆောင်များ၊ဒါရိုက်တာများနှင့် အခြားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

ယှဉ်ပြိုင်

တိုကျိုဆာကူရာ ဂရင်းပရီဆုနှင့် အခြားသော ဆုများအတွက် ကမ္ဘာတစ်ဝန်းမှ ရုပ်ရှင်ကား စုစုပေါင်း ၁၅ ကား ဝင်ရောက်ယှဉ်ပြိုင်သည်။ ယင်းရုပ်ရှင်ကားများတွင် တရုတ်နိုင်ငံမှ ဇာတ်ကားသုံးကား ပါဝင်သည်။

ရွေးချယ်ပေး

ပြင်သစ်ဒါရိုက်တာ ဂျန်ပီရီဂျီနက် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော နိုင်ငံတကာအကဲဖြတ် ရွေးချယ်ရေးအဖွဲ့က ဆုရရှိမည့်သူများကို ရွေးချယ်ပေးမည်ဖြစ်သည်။ ဆုရရှိသူများ၏ အမည်စာရင်းကို ရုပ်ရှင်ပွဲတော်၏ နောက်ဆုံးနေ့တွင် ထုတ်ပြန်ကြေညာမည်ဖြစ်သည်။

ပြသ

နိုင်ငံတကာ ရုပ်ရှင်ပွဲတော်ကျင်းပစဉ်အတွင်း အောက်တိုဘာ ၂၉ ရက်အထိ ရုပ်ရှင်ကားပေါင်း ၃၀၀ ခန့်ကို မြို့တော်တိုကျိုရှိရုပ်ရှင်ရုံများတွင် ပြသသွားမည်ဖြစ်ကြောင်း ရုပ်ရှင်ပွဲတော်ကျင်းပရေးမှူးများက ပြောကြားသည်။

၃၀ ကျော်

တရုတ်၊ တောင်ကိုရီးယား၊ စင်ကာပူ၊ အင်ဒိုနီးရှားနှင့် ထိုင်း စသည့် အာရှနိုင်ငံတို့မှ ရုပ်ရှင်ကား ၃၀ ကျော်ကို ပြသမည်ဖြစ်သည်။

နိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် ၁၉၂၈ ခုနှစ်မှ ၁၉၆၂ခုနှစ်ထိ ထုတ်လုပ်ခဲ့သော ဂျပန်ဆာမူရိုင်း ရုပ်ရှင်ဇာတ်ကားများလည်း ဝင်ရောက်ယှဉ်ပြိုင်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အစာအိမ်လမ်းကြောင်းဆိုင်ရာ ကင်ဆာရောဂါကြောင့် နှစ်စဉ် လူ ၅၀၀၀ ကျော် ပေါ်တူဂီတွင် သေဆုံးနေ

လစ္စဘွန်း အောက်တိုဘာ ၂၄

ပေါ်တူဂီနိုင်ငံတွင် အစာအိမ် လမ်းကြောင်းဆိုင်ရာ ကင်ဆာရောဂါကြောင့် နှစ်စဉ် လူ ၅၀၀၀ ကျော် သေဆုံးနေရကြောင်း၊ လေ့လာရေးအဖွဲ့ ဥက္ကဋ္ဌ အီဗာရစ္စတိုဆန်ချက်စ်က အောက်တိုဘာ ၂၂ ရက်တွင် ပြောကြားသည်။

မိမိတို့နိုင်ငံတွင် အဖြစ်များသော အစာအိမ်လမ်းကြောင်းဆိုင်ရာ ကင်ဆာရောဂါနှစ်မျိုးရှိကြောင်း၊ တစ်မျိုးမှာ အစာအိမ်ကင်ဆာဖြစ်ပြီး၊ ဒုတိယအမျိုးအစားမှာ အူမကြီးကင်ဆာဖြစ်ကြောင်း ဆန်ချက်စ်က ပြောကြားသည်။ ပထမရောဂါအမျိုးအစားကြောင့် လူ ၂၉၅၀ အသက်ဆုံးရှုံးရပြီး ဒုတိယရောဂါအမျိုးအစားကြောင့် လူ ၂၆၈၃ဦး သေဆုံးရသည်။ ထိုရောဂါဖြင့် သေဆုံးရသူများမှာ များသောအားဖြင့် အမျိုးသားများဖြစ်နေပြီး ယင်းရောဂါဖြစ်ပွားနေသူ လူနာသစ်များကိုလည်း တွေ့နေရသည်။ ***အမ်အင်အေ၊ဆင်ဟွာ၊***

နျူကလီးယားအခွင့်အရေး အီရန်စွန့်လွှတ်မည်မဟုတ်

တီဟီရန် အောက်တိုဘာ ၂၃

အီရန်နိုင်ငံသည် နျူကလီးယား စွမ်းအင်ထုတ်လုပ်နိုင်သည့် အခွင့်အရေးများကို စိုးစဉ်းမျှ စွန့်လွှတ်မည် မဟုတ်ကြောင်း သမ္မတ မာမွတ်အာမက်ဒီနီဂျက်က ကြာသပတေးနေ့တွင် ပြောကြားကြောင်း နိုင်ငံပိုင် ရုပ်မြင်သံကြားဌာနက သတင်းဖော်ပြသည်။

မိမိတို့နိုင်ငံက ညှိနှိုင်းဆွေးနွေးမှုကို ထောက်ခံကြောင်း၊ သို့ရာတွင် နျူကလီးယားစွမ်းအင် ထုတ်ယူနိုင်သည့် ရပိုင်ခွင့်ကို စိုးစဉ်းမျှ စွန့်လွှတ်မည်မဟုတ်ကြောင်း အစ္စလမ်ရှားမြို့၌ ပြုလုပ်သည့် လူထုအစည်းအဝေးပွဲတွင် ၎င်းက ပြောကြားသည်။

နျူကလီးယားလောင်စာထုတ်လုပ်မှုနှင့် စပ်လျဉ်း၍ နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံအနေဖြင့် ယင်းအေဂျင်စီမှ အကူအညီရပိုင်ခွင့်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

❍ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ

ဆက်လက်၍ ဧည့်သည်တော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား စစ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ကျော်ဆွေက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အင်္ဂလိပ်စာဌာန လက်ထောက်ကထိက ဗိုလ်မှူးမြင့်ဇေယျကကျောင်း၏ သမိုင်းကြောင်း၊ သင်ကြားနေသည့်ဘာသာရပ်များနှင့် ကျောင်းသားများအား စာပေဆိုင်ရာနှင့် လေ့ကျင့်ရေးဆိုင်ရာ သင်ကြားပေးနေသည့်အစီအစဉ်များကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းပြသသည်။

ယင်းနောက် ဧည့်သည်တော် တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် Chief of General Staff, General Liang Guanglie သည် ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး စစ်တက္ကသိုလ် ပါမောက္ခချုပ်နှင့်အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဧည့်သည်တော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် စစ်တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ဧည့်သည်တော် တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် Chief of General Staff, General Liang Guanglie ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြင်ဦးလွင်မြို့ တပ်မတော် နည်းပညာတက္ကသိုလ်သို့ရောက်ရှိကြရာ ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တပ်မတော် အရာရှိကြီးများက ကြိုဆိုကြသည်။

ထို့နောက် အစည်းအဝေးခန်းမ၌ ဧည့်သည်တော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ပါမောက္ခချုပ်ဗိုလ်မှူးချုပ်ဝင်းမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ရေကြောင်းအင်ဂျင်နီယာဌာနမှဌာနမှူးဒုတိယဗိုလ်မှူးကြီးဇော်ဝင်းက တပ်မတော်နည်းပညာတက္ကသိုလ်၏ နောက်ခံသမိုင်းကြောင်းနှင့်သင်ကြားမှုဆိုင်ရာများကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းပြသသည်။

ယင်းနောက် ဧည့်သည်တော် General Liang Guanglie သည် ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုး၍ တပ်မတော် နည်းပညာတက္ကသိုလ် ပါမောက္ခချုပ်နှင့် အမှတ်တရလက်ဆောင်များ အပြန်အလှန် ပေးအပ်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထိုမှတစ်ဆင့် ဧည့်သည်တော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အမျိုးသား ကန်တော်ကြီးဥယျာဉ်သို့ ရောက်ရှိကြရာပြင်ဦးလွင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မွန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ဆက်လက်၍ ဧည့်သည်တော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် Buggy Car များဖြင့် အမျိုးသား ကန်တော်ကြီးဥယျာဉ်အတွင်းနှင့်နန်းမြင့်မျှော်စင်တို့ကိုလှည့်လည်ကြည့်ရှုလေ့လာကြရာ ဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးမောင်ချစ်က လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် ဧည့်သည်တော် General Liang Guanglie သည် အမျိုးသားကန်တော်ကြီးဥယျာဉ် Club House ရှိ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင်လက်မှတ်ရေးထိုးပြီး ဥယျာဉ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူတို့အား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ဧည့်သည်တော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် မန္တလေးမြို့ရှိ မြနန်းစံကျော်ရွှေနန်းတော်သို့ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုကြပြီး ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးမောင်က မြနန်းစံကျော် ရွှေနန်းတော်၏ နောက်ခံသမိုင်းအကျဉ်းကို ရှင်းလင်းပြောကြားကာ သမိုင်းဝင်ဓာတ်ပုံများနှင့် မင်းခမ်းတော်အသုံးအဆောင်ဓာတ်ပုံများကို ရှင်းလင်းပြသသည်။

ဆက်လက်၍ ဧည့်သည်တော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် မြနန်းစံကျော်ရွှေနန်းတော်နှင့် ယဉ်ကျေးမှုပြတိုက်တို့ကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး ဧည့်သည်တော် General Liang Guanglie သည် ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ယင်းနောက် ဧည့်သည်တော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မန္တလေးတောင် ဆုတောင်းပြည့်ဘုရားသို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြပြီးရင်ပြင်တော်ရှိ ဗုဒ္ဓရုပ်ပွားတော်များအား ဆီမီးနှင့်ပန်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဧည့်သည်တော် General Liang Guanglie သည် ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး အလှူငွေများ ပေးအပ်လှူဒါန်းကာ မန္တလေးမြို့၏ နေဝင်ဆည်းဆာအလှနှင့် ရှုခင်းအလှတို့ကို ကြည့်ရှုကြသည်။

ညပိုင်းတွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ဧည့်သည်တော် တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော် Chief of General Staff, General Liang Guanglie ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား မန္တလေးတောင်ခြေရှိ Mandalay Hill Resort Hotel ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်းနှင့် တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။

ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း ယဉ်ကျေးမှုကဇာတ်ဌာနခွဲမှ အနုပညာရှင်များက တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ညစာသုံးဆောင်အပြီးတွင် ဧည့်သည်တော် General Liang Guanglie နှင့် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်တို့သည် ချစ်ကြည်ရေးခရီးစဉ် အမှတ်တရအဖြစ် လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြကာ ဧည့်သည်တော် General Liang Guanglie က ဖျော်ဖြေတင်ဆက်ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းပေးအပ်သည်။

ယင်းနောက် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ချစ်ကြည်ရေးခရီးဆက်လက်လည်ပတ်ရန်အတွက် ယနေ့နံနက် ၉နာရီတွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ထွက်ခွာကြရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ မန္တလေးမြို့ ခြေစိုက်ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံး ကောင်စစ်ဝန်ချုပ် Mr. Duan Zhi Quanနှင့် တာဝန်ရှိသူများက မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ဧည့်သည်တော် တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် Chief of General Staff, General Liang Guanglie ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား သယ်ဆောင်ပျံသန်းလာသော အထူးလေယာဉ်သည် နံနက် ၁၀နာရီ ၂၅မိနစ်တွင် ရန်ကုန်မြို့သို့ ဆိုက်ရောက်သည်။

တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် Chief of General Staff, General Liang Guanglie ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ ရေဝတီရေတပ်စခန်းဌာနချုပ်ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်၊ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇင်ယော်နှင့် တပ်မတော်အရာရှိကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုမှတစ်ဆင့် ဧည့်သည်တော်တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် Chief of General Staff, General Liang Guanglie နှင့်အဖွဲ့သည် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်သို့ ရောက်ရှိကြရာ ပြတိုက်မှူး ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းလတ်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ပြခန်းများအလိုက် လှည့်လည်ရှင်းလင်းပြသကြသည်။

ထိုမှတစ်ဆင့် ဧည့်သည်တော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာသို့ ရောက်ရှိကြပြီး ၂၀၀၆ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲတွင် ခင်းကျင်းပြသထားသော အရည်အသွေးမီ ကျောက်စိမ်းတွဲများကိုလည်းကောင်း၊ ပြည်တွင်းပြည်ပ ရတနာကုန်သည်များအား ကျောက်စိမ်းတွဲများတင်ဒါစနစ်ဖြင့် ရောင်းချနေမှုများကိုလည်းကောင်း ကြည့်ရှုလေ့လာကြသည်။(သတင်းစဉ်)

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် Chief of General Staff, General Liang Guanglie အား မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် Chief of General Staff, General Liang Guanglie အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

ကြည့်ရှုလေ့လာ

တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် Chief of General Staff, General Liang Guanglie **ဦးဆောင်သည့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ပြင်ဦးလွင်မြို့ အမျိုးသား ကန်တော်ကြီးဥယျာဉ်တွင် ကြည့်ရှုလေ့လာစဉ်။**
(သတင်းစဉ်)

ကွင်းတွင်းစက်ဘီးပြိုင်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၄

မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်နှင့် HIN SI Trading Co., Ltd တို့ ပူးပေါင်းကျင်းပသည့် အမျိုးသား၊ အမျိုးသမီး ကွင်းတွင်းစက်ဘီးပြိုင်ပွဲကို လှူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ရှိ စက်ဘီးလေ့ကျင့်ရေးကွင်း၌ အောက်တိုဘာ ၂၁ ရက် နံနက် ၇နာရီတွင် စတင်ကျင်းပသည်။

ပြိုင်ပွဲများအဖြစ် မီတာ ၁၆၀၀အုပ်စု တစ်ဦးချင်းပြိုင်ပွဲ၊ မီတာ ၄၀၀၀ အသင်းချင်း အမီလိုက်ပြိုင်ပွဲနှင့် မီတာ ၈၀၀ အမျိုးသားပွဲစဉ်များကို ကျင်းပသည်။

အမျိုးသမီးပြိုင်ပွဲနှင့် အသက်၁၆နှစ်နှင့် ၁၈နှစ်အောက် မျိုးဆက်သစ် စက်ဘီးပြိုင်ပွဲကိုလည်း ကျင်းပသည်။

(ကြေးမုံ)

အထူးဈေးရောင်းပွဲတော်များ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၄

အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ကို အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၇ ရက်အထိ ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း) အားကစားကွင်း၌ လည်းကောင်း၊ နိုင်ဝင်ဘာ ၃ ရက်မှ ၁၂ ရက်အထိ မကွေးတိုင်း ပခုက္ကူမြို့ အားကစားကွင်း၌ လည်းကောင်း ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတော်က တောင်သူလယ်သမားများ လူနေမှုဘဝတိုးတက်လာအောင် လိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိ ဒေသဆန်ဖူလုံရေးဆောင်ရွက်ရာတွင် မိုးစပါးအပြင် နွေစပါးကိုပါ တိုးတက်စိုက်ပျိုးရန်လို အမျိုးသားရေးတာဝန်အဖြစ် ခြံစည်းရိုးကြက်ဆူကို နိုင်ငံသားတိုင်းက အလေးအနက်ထား စိုက်ပျိုး

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို ထားဝယ်ခရိုင် ရေဖြူမြို့နယ်ရှိ ရလိုင်ရေထိန်းတံခါးကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၂၄

တနင်္သာရီတိုင်း ထားဝယ်မြို့တွင် ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် မြင့်သိန်းနှင့် တပ်မတော် အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် အောက်တိုဘာ ၁၈ရက် နံနက်ပိုင်းတွင် ထားဝယ်ခရိုင် ရေဖြူမြို့နယ် ရလိုင်ကျေးရွာအုပ်စု ရလိုင်ချောင်းပေါ်ရှိ ရလိုင်ရေထိန်းတံခါး ရှင်းလင်းဆောင်သို့ သွားရောက်၍ ရှင်းလင်းဆောင်မှ ရလိုင်ရေထိန်းတံခါးကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုအား ရှင်းလင်းဆောင်၌ ရေဖြူမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခေတ္တဥက္ကဋ္ဌ ဒုတိယ ရဲမှူး အောင်မင်းက ရလိုင်ကျေးရွာ အုပ်စု အတွင်း စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်မှု၊ ရလိုင်ရေထိန်းတံခါးမှ ၂၀၀၅-၂၀၀၆ ခုနှစ်တွင် လက်ဝဲမြောင်းနှင့် လက်ယာမြောင်းတို့ကို တူးဖော်၍ ပတ်ဝန်းကျင်ကျေးရွာများသို့ စိုက်ပျိုးရေဖြန့်ဝေပေးမှုနှင့် စပါးတိုးတက်စိုက်ပျိုးနိုင်ရေး စီစဉ်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာနမှ ထားဝယ်ခရိုင် ဦးစီးအရာရှိ ဦးမောင်မောင်လေးက ရလိုင်ရေထိန်းတံခါးလက်ဝဲမြောင်းပေ ၉၀၀၀နှင့် လက်ယာမြောင်းပေ ၄၀၀၀တို့ကို အနက် ၁၂ပေစီဖြင့် နွေစပါးအတွက် စိုက်ပျိုးရေပေးဝေနေမှုနှင့် ရေထိန်းတံခါး၏ ဆည်ရေသောက်ဧကများ ဆက်လက်တိုးချဲ့နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး တနင်္သာရီတိုင်း ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦးက ဒေသခံတောင်သူလယ်သမားများအား ဒေသဆန်ဖူလုံရေးတွင် မိုးစပါးအပြင် နွေစပါးကိုပါ အားထားရသဖြင့် စိုက်ပျိုးရေရရှိလျှင် နွေစပါး တိုးတက်စိုက်ပျိုးကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ဒေသခံတောင်သူလယ်သမားများအား သစ်တိုတောင့်ကျေးရွာသို့ ရလိုင်ချောင်းရေပေးပို့နိုင်မည့် နည်းလမ်းများကို မေးမြန်းဆွေးနွေးကာ အမှာစကားပြောကြားရာတွင် နိုင်ငံတော်က တောင်သူလယ်သမားများ လူနေမှုဘဝ တိုးတက်လာအောင် အဓိကစိုက်ပျိုးရေးလုပ်ငန်း၏ လိုအပ်ချက်များကို ဒေသတိုင်း၌ ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ဒေသတိုင်းသည် ဒေသဆန်ဖူလုံကြစေရန် အားနည်းချက်များကို လေ့လာစိစစ်ဖြည့်ဆည်းပေးလျက်ရှိကြောင်း ဒေသဆန်ဖူလုံရေးဆောင်ရွက်ရာတွင် မိုးစပါးအပြင် နွေစပါးကိုပါ တိုးတက်စိုက်ပျိုးကြရန်လိုကြောင်း၊ ဤဒေသသည် မိုးစပါးအတွက် ရေဖူလုံသော်လည်း နွေစပါးအတွက် စိုက်ပျိုးရေ အခက်အခဲရှိသဖြင့် ရလိုင်ရေထိန်းတံခါးကို တည်ဆောက်၍ လက်ဝဲ၊ လက်ယာမြောင်းများကိုပါ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ရေဖူလုံစွာရရှိလာသည်နှင့်အမျှ နွေစပါး တိုးတက်စိုက်ပျိုးရန်လိုကြောင်း သို့မှသာ တောင်သူများအနေဖြင့် ဝင်ငွေ တိုးတက်လာမည်ဖြစ်ကြောင်း။

ထို့အတူ နိုင်ငံတော်က အမျိုးသားရေးတာဝန်အဖြစ် ချမှတ်ဆောင်ရွက်နေသော ခြံစည်းရိုးကြက်ဆူစိုက်ပျိုးမှုကို နိုင်ငံသားတိုင်းက အလေးအနက်ထားကာ အင်တိုက်အားတိုက် စိုက်ပျိုးကြရန်လိုကြောင်းဖြင့် ရှင်းလင်းပြောကြားပြီး ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် နံနက် ၁၀ နာရီခွဲတွင် ထားဝယ်တက္ကသိုလ် တည်ဆောက်ရေး စီမံကိန်းသို့ ရောက်ရှိကြပြီး ရှင်းလင်းဆောင်၌ ထားဝယ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးကျော်ကျော်ငွေးက ထားဝယ်တက္ကသိုလ်၏ သင်ကြားရေးနှင့် စီမံရေးဆိုင်ရာ အချက်အလက်များ၊ တည်ဆောက်ပြီး၊ တည်ဆောက်ဆဲ အဆောက်အအုံများနှင့် ၂၀၀၆-၂၀၀၇ခု ပညာသင်နှစ်အတွက် စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ထားဝယ်ခရိုင် အင်ဂျင်နီယာမှူး ဦးဝင်းမြင့်က တက္ကသိုလ် တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်မှုများကိုလည်းကောင်း၊ Evergreen Fine Arts Co., Ltd မှ တာဝန်ခံ အင်ဂျင်နီယာ ဦးရဲဝင်းက ထားဝယ်တက္ကသိုလ် လေးထပ်ပင်မဆောင် ဆောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်မှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးဗိုလ်မှူးချုပ်ခင်ဇော်ဦးက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားညွှန်ကြားဆောင်ရွက်ပေးပြီး ပညာရေးဝန်ထမ်းများအား ထားဝယ်ခရိုင်၏ ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအောင်ချက် ကောင်းမွန်လာမှုတွင် တက္ကသိုလ်မှ ဆရာ၊ ဆရာမများ ဝိုင်းဝန်း ကြပ်မတ်သင်ကြား ကူညီပေးခြင်းကြောင့်ဖြစ်ရာ ရှေ့ဆက်လက်၍ ကူညီသင်ကြားပေးရေး၊ တက္ကသိုလ်မှ အရည်အချင်း ပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရေး အကျယ်တဝင့် ရှင်းလင်းမှာကြားကာ တက္ကသိုလ်မှ ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ သွားရောက်၍ အစည်းအဝေးခန်းမ၌ ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင် စိုက်ပျိုးရေး ကြီးကြပ်ရေး အဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ဒေသဆန် ဖူလုံရေးဆိုင်ရာများ ဆွေးနွေးမှာကြားသည်။

ရှေးဦးစွာ ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ညိုက ထားဝယ်ခရိုင်၏ ဒေသဆိုင်ရာ အချက်အလက်များ၊ မြေအသုံးချမှု၊ မိုးစပါးနှင့် နွေစပါး စိုက်ပျိုးဆောင်ရွက်မှု၊ ဒေသဆန်ဖူလုံမှု၊ လယ်ယာမြေတိုးချဲ့ဖော်ထုတ်မှု၊ အဓိက သီးနှံ ၁၀မျိုး စိုက်ပျိုးမှု၊ နှစ်ရှည်သီးနှံနှင့် ခြံစည်းရိုးကြက်ဆူစိုက်ပျိုးမှု၊ ကျန်းမာရေး အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဌာနဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်နေမှုများကို အသီးသီး ရှင်းလင်းတင်ပြကြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦးက ဖြည့်စွက် ဆွေးနွေးတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး တနင်္သာရီတိုင်းအတွင်း ဒေသဝမ်းစာဖူလုံရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန်လိုကြောင်း၊ ထားဝယ်ခရိုင်သည် စပါးစိုက်ပျိုးမှုကို ထပ်မံ တိုးချဲ့လုပ်ကိုင်ရန်လိုကြောင်း၊ လုပ်မြေများစွာရှိနေသဖြင့် အကြောင်းအမျိုးမျိုးကြောင့် စိုက်ပျိုးနိုင်ခြင်း မရှိခဲ့သည်များကို လိုအပ်ချက်များ ဖြည့်ဆည်းလျက် ပြန်လည် စိုက်ပျိုးနိုင်အောင် ဆောင်ရွက်ရန်ဖြစ်ကြောင်း။

ထို့အတူ နှစ်ရှည်ပင်များဖြစ်သည့် ရော်ဘာနှင့် ဆီအုန်းတို့ကို လျာထား သတ်မှတ်ပေးထားသည့်အတိုင်း ပြည့်မီစွာ ဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ အလားတူ ခြံစည်းရိုးကြက်ဆူပင်များကို ဒေသအတွက် စိုက်ပျိုးရန် သတ်မှတ်ဧက ပြည့်မီအောင် စိုက်ပျိုးကြရေးနှင့် စိုက်ပျိုးရေး အသိပညာပေးမှုများကို တောင်သူများသို့ ကျယ်ကျယ်ပြန့်ပြန့် နားလည်သိရှိပြီး လိုက်နာဆောင်ရွက်ကြရန် တာဝန်ရှိသူများက အလေးထား ဆောင်ရွက်ကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားကာ တွေ့ဆုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် မွန်းလွဲ ၂ နာရီတွင် အဖွဲ့ဝင်များလိုက်ပါလျက် ထားဝယ်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းခန်းမသို့ သွားရောက်ကြပြီး ထားဝယ်ခရိုင်ရှိ ခရိုင်နှင့် မြို့နယ် ပညာရေးမှူးများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်များ၊ ထားဝယ် အထွေထွေရောဂါကု ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် ကျန်းမာရေး ဝန်ထမ်းများအား တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

ရှေးဦးစွာ ထားဝယ်ခရိုင်ပညာရေးမှူး ဦးမြင့်သိန်းက ထားဝယ်ခရိုင်၏ ပညာရေးလုပ်ငန်း ဆောင်ရွက်ချက်များကိုလည်းကောင်း၊ ထားဝယ် အထွေထွေရောဂါကု ဆေးရုံကြီးမှ ဆေးရုံအုပ်က ကျန်းမာရေးဆောင်ရွက်ချက်များကို လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက အမှာစကားပြောကြားရာတွင် နိုင်ငံတော်က ရည်မှန်းတည်ဆောက်နေသော ခေတ်မီ ဖွံ့ဖြိုးတိုးတက်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကို ကျန်းမာကြံ့ခိုင်၍ အရည်အချင်း ပြည့်ဝသော လူ့စွမ်းအား အရင်းအမြစ်များဖြင့်သာ တည်ဆောက်ရမည်ဖြစ်၍ ယင်းတို့ကို အဓိက တာဝန်ယူနိုင်သည့် ပညာရေးနှင့် ကျန်းမာရေး ဝန်ထမ်းများအား တွေ့ဆုံ၍ အခုလိုဆွေးနွေးမှာကြားရခြင်းဖြစ်ကြောင်း။

ပြုစုပျိုးထောင်

ပညာရေးကဏ္ဍတွင် နိုင်ငံတော်က ကျောင်းများ အင်္ဂါရပ် ကောင်းမွန်ရေး၊ သင်ထောက်ကူစာသင်ခန်းများ လုံလောက်မှုရှိရေးတို့ကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံတော်က ချမှတ်ထားသော စည်းကမ်းလမ်းညွှန်ချက်များနှင့်အညီ ကျောင်းသား၊ ကျောင်းသူများကို ထူးချွန်ထက်မြက်၍ အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်အောင် ပြုစုပျိုးထောင်ပေးကြရန် ဖြစ်ကြောင်း။

ကျန်းမာရေးကဏ္ဍတွင်လည်း နိုင်ငံတော်က ချမှတ်ထားသော ကျန်းမာရေးဆိုင်ရာ စီမံချက်များ၊ အမျိုးသား ကျန်းမာရေး စီမံကိန်းများနှင့်အညီ ပြည်သူများအား ရောဂါကြိုတင်ကာကွယ်ရေးနှင့် ကုသရေးတို့ကို အလေးထားဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ အဖြစ်များသော ရောဂါများကြိုတင်ကာကွယ်ရေးနှင့် ကုသရေးတို့အတွက် လိုအပ်သော သုတေသနပြုမှုများ၊ အသိပညာနှီးနှောဖလှယ်ပွဲများ ပြုလုပ်၍ ကျန်းမာရေး ဝန်ထမ်းများ ပီပီ စေတနာထားလုပ်ဆောင်ကြရန် ဖြစ်ကြောင်း၊ စရိတ်မျှပေး ကျန်းမာရေးစနစ်နှင့်အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို ပြည်သူများအတွက် အချိုးညီစွာဖြင့် ဆောင်ရွက်ပေးနိုင်ရန် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်း၊ ကျေးလက်အထိ ကွင်းဆင်း၍ ကျန်းမာရေး အသိပညာပေးရေးနှင့် အထူးကုရောဂါများ ကုသပေးရေးတို့ကို အခါမလပ် ဆောင်ရွက် ပေးကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

နှုတ်ဆက်

ထို့နောက် ညနေပိုင်းတွင် တွေ့ဆုံပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ပညာရေးနှင့် ကျန်းမာရေး ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၅-၁၀-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။ မြဝတီအဖွင့်
၇း၀၅	၂။ အဖွင့်သီချင်း
၇း၁၀	၃။ မျိုးချစ်တပ်မတော်
၇း၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၃၅	၆။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၀	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၅	၉။ အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၀။ ပြီးပါပြီ

ညပိုင်း

၄း၀၀	၁။ မြဝတီအဖွင့်
၄း၀၅	၂။ အဖွင့်သီချင်း
၄း၁၅	၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၃၀	၄။ ရင်မှာစွဲလန်းတော်ဝင်ပန်း
၄း၅၀	၅။ မျိုးချစ်တပ်မတော်
၅း၁၀	၆။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅း၂၀	၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၃၀	၈။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၀	၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။ နိုင်ငံတကာသတင်း
၆း၂၀	၁၂။ မိုးလေဝသသတင်း
၆း၂၅	၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၅	၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၅။ **ရုပ်မြင်သံကြားဇာတ်လမ်း သားကောင်းမိခင် အပိုင်း(၃) (၆၁)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်း လွင်မိုး၊ နေတိုး၊ ထွန်းထွန်း၊ စိုင်းစိုင်းခမ်းလှိုင်၊ စိုးမြတ်သူဇာ၊ ပုလဲဝင်း၊ ပန်းဖြူ၊ သက်မွန်မြင့် ဒါရိုက်တာ အကယ်ဒမီပန်းချီစိုးမိုး**
၈း၀၀	၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။ ENGLISH USAGE
	၁၉။ ဗီစီဒီကျော်ကြားတေးများ
	၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - နောက်ဆုံးပစ်မှတ် (အပိုင်း-၃)**
	၂၂။ သင့်အတွက်မနက်ဖြန်
	၂၃။ အပိတ်နှုတ်ဆက်စကား
	၂၄။ ပြီးပါပြီ။

မိန့်ခွန်း ပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ်အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံသည် စီးပွားရေးအရှိန်အဟုန်တိုးတက်ရန် ရည်မှန်း၍ အမျိုးသားဖွံ့ဖြိုးရေးစီမံကိန်း ချမှတ်ဆောင်ရွက်နေ ကျေးလက်နှင့် မြို့ပြဒေသအကြား လူမှုစီးပွားရေးဖွံ့ဖြိုးမှုကွာဟချက် လျော့နည်းစေရန် ရည်မှန်း

☆ ရှေ့ဖုံးမှ

ကုလသမဂ္ဂကြီး ထူထောင်သည့် (၆၁)နှစ်မြောက် အထိမ်းအမှတ်အခမ်းအနားကို အဆွေတော်တို့နှင့် အတူ ဆင်နွှဲခွင့်ရသည့်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်မိပါကြောင်း။

ဤအချိန်အခါတွင် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်း စောင့်ရှောက်ရန်လည်းကောင်း၊ လူသားမျိုးနွယ်အားလုံးအတွက် စီးပွားရေးနှင့် လူမှုရေးများ ပိုမိုတိုးတက်ရရှိလာရန်လည်းကောင်း ကြိုးပမ်းဆောင်ရွက်နေသည့် ကုလသမဂ္ဂနှင့် ၎င်း၏ ယန္တရားတို့အပေါ် မိမိတို့၏ ထောက်ခံမှုနှင့် ကတိကဝတ်ပြုမှုတို့ကို ထပ်လောင်းအတည်ပြုကြောင်းကနဦး အားဖြင့်ဦးစားပေးပြောကြားလိုကြောင်း။

၂၀၀၀ပြည့်နှစ်က ကြေညာခဲ့သည့် ထောင်စုနှစ်ကြေညာချက်တွင် မိမိတို့၏ဘဝတူယောကျ်ား၊မိန်းမ၊ကလေးသူငယ်များကို လူရုပ်မပီဘဲ လွတ်မြောက်ရေးလမ်းစမတွေ့နိုင်လောက်အောင်ပင် ဆင်းရဲမွဲတေနေမှုမှ လွတ်မြောက်ရေးကို အစွမ်းကုန်ကြိုးစားကြမည်ဟု ကမ္ဘာ့ခေါင်းဆောင်များက ကတိကဝတ်ပြုခဲ့ကြကြောင်း၊ ဤကဲ့သို့ နိုင်ငံရေးအရ အားပေးမှုနှင့် အာရှတိုက် အချို့သောဒေသများ၏ စီးပွားရေးတိုးတက်လာမှုတို့က မိမိတို့၏ဆင်းရဲမှုတိုက်ဖျက်ရေးရည်မှန်းချက်ကို အတော်အတန် အကောင်အထည် ပေါက်မြောက်စေခဲ့ကြောင်း၊ အကျိုးဆက်အဖြစ် ကမ္ဘာ့လူဦးရေအတော်များများသည် အနက်ရှိုင်းဆုံးသော ဆင်းရဲတွင်းမှ လွတ်မြောက်လာခဲ့ကြကြောင်း၊ ဆက်လက်ပြုလုပ်သည့် အစည်းအဝေးများ၌လည်း နိုင်ငံများဖွံ့ဖြိုးတိုးတက်လာရန်မှာ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် ရန်ပုံငွေအထောက်အပံ့လုံလောက်စွာ ရရှိရေးတို့ လိုအပ်ကြောင်း ဖော်ထုတ်အတည်ပြုခဲ့ကြကြောင်း၊ ယခုကဲ့သို့ လုပ်ဆောင်ချက်အသစ်များ ပါဝင်လာမည်ဖြစ်ခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း ၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရရှိသော ရခိုင်ပြည်နယ် စစ်တွေမြို့အမှတ်(၂) အခြေခံပညာအထက်တန်း ကျောင်းမှ န၀မတန်း ကျောင်းသား မောင်တင်ဖြိုးအောင်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ရေးကို မျှော်လင့်သည့်နှုန်းထားအတိုင်း ရောက်ရှိလာအောင် ကြိုးပမ်းသွားနိုင်မည်ဟု မျှော်လင့်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံ၏ စီးပွားရေးတိုးတက်မှုအရှိန်အဟုန်တိုးတက်လာစေရန် ရည်မှန်းချက်ထားလျက် အမျိုးသား ဖွံ့ဖြိုးရေးစီမံကိန်းကို ချမှတ်ဆောင်ရွက်နေကြောင်း၊ ယင်းစီမံကိန်းမှာ အချိုးညီညီနှင့် မျှတသည့် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်လည်းကောင်း၊ နိုင်ငံအတွင်း ကျေးလက်နှင့်မြို့ပြဒေသများအကြား လူမှု စီးပွားရေးဖွံ့ဖြိုးမှု ကွာခြားချက်ကို လျော့နည်းစေရန်လည်းကောင်း ရည်မှန်းပါကြောင်း၊ အမျိုးသားဖွံ့ဖြိုးရေးစီမံကိန်းကို မိမိတို့၏ ကိုယ်ပိုင်အရင်းအမြစ်များနှင့်သာ ဆောင်ရွက်နေခြင်းဖြစ်သော်လည်း ဝေးလံသည့် ဒေသများရှိ ပြည်သူများအတွက် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးမှုနှင့် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုတို့တွင် တိုးတက်မှုများရရှိအောင် ဆောင်ကြဉ်း ပေးနိုင်ခဲ့ကြောင်း၊ ဤကိစ္စနှင့် စပ်လျဉ်းပြီး ကုလသမဂ္ဂနှင့် ၎င်း၏ အဖွဲ့အစည်းများထံမှ တန်ဖိုးမဖြတ်နိုင်သည့် ပူးပေါင်းဆောင်ရွက်မှုနှင့် အကူအညီများ ရရှိခဲ့သည့်အတွက်လည်း ကျေးဇူးတင်ကြောင်း ဖော်ပြလိုကြောင်း။

ကမ္ဘာ့ ခေါင်းဆောင်များက ၂၀၀၅ခုနှစ်ထိပ်သီးအစည်းအဝေးမှာ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်တွေ ချမှတ်ခဲ့ကြောင်း၊ ထိုဆုံးဖြတ်ချက်များတွင် ယနေ့ပေါ်ပေါက်နေသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အခက်အခဲ၊ အကျပ်အတည်းများကို ရင်ဆိုင်ဖြေရှင်းရန် ပိုမိုအစီအမံကျနစွာ လုပ်ဆောင်သွားရန်အချက်လည်း ပါဝင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံသည် ကျိုတိုသဘောတူစာချုပ်မှာ စာချုပ်ဝင်နိုင်ငံအဖြစ် ပါဝင်ပြီးဖြစ်ကြောင်း၊ ကျိုတိုစာချုပ်သည် မကြာခင်က စာချုပ်အာဏာသက်ဝင်လာပြီဖြစ်၍ ရာသီဥတု ပြောင်းလဲလာမှုအတွက် အချိန်ကိုက် တုံ့ပြန်မှုတစ်ရပ်ဖြစ်ကြောင်း၊ သို့ဖြစ်လင့်ကစား ရာသီဥတု ပြောင်းလဲမှုကို ထိရောက်စွာဖြေရှင်းနိုင်ရန်မှာ ကျယ်ကျယ်ပြန့်ပြန့်နှင့် ထိထိရောက်ရောက်ရှိသည့် ကုလသမဂ္ဂအစီအမံတစ်ရပ် လိုအပ်လျက်ရှိကြောင်း။

ယနေ့အခါ ပြဿနာရပ်အသစ်အနေဖြင့် ပေါ်ပေါက်နေသည့် ကိစ္စရပ်တစ်ခုမှာ နိုင်ငံတကာအကြမ်းဖက်မှုများ တိုးပွားလာနေခြင်းပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ အနေဖြင့် အကြမ်းဖက်မှုဆိုလျှင် မည်သူက မည်သည့် နေရာ၌မဆို မည်သည့် အကြောင်းပြချက်ဖြင့်၊ မည်သည့်ပုံစံ အခြေအနေမျိုးဖြင့်ဖြစ်စေ ကျူးလွန်ခြင်းကိုရှုတ်ချကြောင်း၊ မြန်မာလူမျိုးများသည် ပင်ကိုသဘာဝအရရောယဉ်ကျေးမှုအရပါ အကြမ်းဖက်မှုကို လုပ်ဆောင်လေ့ မရှိကြကြောင်း၊ အကြမ်းဖက်မှုကို တိုက်ဖျက်ရေးအတွက် လက်တွေ့လုပ်ငန်းစဉ်များ အားကောင်းလာစေရန် ရည်ရွယ်သည့် ကမ္ဘာလုံးဆိုင်ရာမဟာဗျူဟာတစ်ရပ်ကို ရပ်လုံးဖော်ရာမှာမြန်မာနိုင်ငံက အခြားနိုင်ငံများနှင့်အတူ လက်တွဲဆောင်ရွက်သွားမှာဖြစ်ကြောင်း။

ဤအခမ်းအနားမှာ ကုလသမဂ္ဂကြီးနှင့် ၎င်းတို့အဖွဲ့အစည်းများက အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်နှင့် ကြက်ငှက်တုပ်ကွေးရောဂါတိုက်ဖျက်ရေးအတွက် ဦးဆောင်မှုပေးနေခြင်းကို ဖော်ထုတ်အသိအမှတ်ပြုလိုကြောင်း၊ မြန်မာနိုင်ငံမှာ အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါကို နိုင်ငံတော်ဦးစားပေးအဖြစ် ထိရောက်စွာ တိုက်ဖျက်နိုင်ရန် အစွမ်းကုန် ကြိုးစားနေကြောင်း၊ ယခုအခါ ရောဂါပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရုံသာမက ရောဂါဖြစ်ပွားနှုန်းကိုလည်း လျှော့ချနိုင်ပြီဖြစ်ကြောင်း။

ယနေ့ လက်တွေ့ဖြစ်ပေါ်တိုးတက်မှုများနှင့်အညီ တုံ့ပြန်ဆောင်ရွက်နိုင်ရန် ကုလသမဂ္ဂကြီးအနေဖြင့် ပြောင်းလဲမှုများနှင့် ပြင်ဆင်ဖွဲ့စည်းမှုများပြုလုပ်ရန်လိုအပ်ကြောင်း ထင်ရှားပါကြောင်း၊ ယခုလိုပြင်ဆင် ဖွဲ့စည်းမှုများပြုလုပ်ရာမှာ လုံခြုံရေးကောင်စီကိုလည်း ပြုပြင်ဖွဲ့စည်းမှ ပြည့်စုံမှာဖြစ်ကြောင်း၊ လုံခြုံရေးကောင်စီသည် ကိုယ်စားပြုမှု ပိုမိုကျယ်ပြန့်လာပြီး လုပ်ဆောင်မှု ပိုမိုထက်မြက်လာရမည်ဖြစ်သလို လုပ်ငန်းဆောင်ရွက်ရာမှာလည်း ပွင့်ပွင့်လင်းလင်း အသိပေးရန်လိုအပ်ကြောင်း၊ နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းရန် လုပ်ပိုင်ခွင့်အပြည့်အဝ အပ်နှင်းထားသည့် လုံခြုံရေးကောင်စီသည် ကုလသမဂ္ဂ ပင်မအဖွဲ့အစည်းတစ်ခု အနေဖြင့် ပဋိညာဉ်စာတမ်းပါ အခြေခံမူကြီးများနှင့်အညီ လုပ်ဆောင်ရန်လိုအပ်ကြောင်း၊ ထို့အပြင် လုံခြုံရေးကောင်စီသည် အားနည်းသည့် နိုင်ငံများ၏ သဘောထားကို လက်ခံကြားနာပြီး လေးစား အကောင်အထည်ဖော်သည့် နေရာမှာလည်းဖြစ်သင့်ကြောင်း။

နိဂုံးချုပ်မတင်ပြမီ ကုလသမဂ္ဂကြီးကို ၁၀နှစ်တိုင်တိုင် ပညာဉာဏ်ရှိရှိ ဖွဲ့ခိုင်ခိုင်ဖြင့် ဦးဆောင်မှုပေးခဲ့သည့် အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာကိုဖီအာနန်ကို လေးလေးနက်နက် တန်ဖိုးထား ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုကြောင်း။

လွန်ခဲ့သည့် (၆၁)နှစ်တာ ကာလအတွင်းမှာ ကုလသမဂ္ဂကြီးသည် ပြောင်းလဲမှုတွေ၊ အသစ်အသစ် ဖြစ်ရပ်တွေကို ရင်ဆိုင်နိုင်စွမ်းရှိကြောင်း သက်သေထူခဲ့ပြီး ဖြစ်ကြောင်း၊ ယနေ့ကုလသမဂ္ဂသည် ၁၉၄၅ခုနှစ်စတင် ထူထောင်စဉ်နှင့်ဆိုလျှင် များစွာကွာခြားနေပြီဖြစ်ကြောင်း၊ အဖွဲ့ဝင်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် နယ်ပယ်အနှံ့အပြားမှာ တာဝန်သစ်အများအပြားကို ထမ်းဆောင်နိုင်လျက်ရှိကြောင်း၊ ၎င်းအား အပ်နှင်းထားသည့် လုပ်ဆောင်ဖွယ်များကို ကုလသမဂ္ဂကြီးက ပေါက်မြောက်အောင် လုပ်ဆောင်နိုင်ရန် ဆိုသည်မှာနိုင်ငံအများက ဆက်လက်ပူးပေါင်းဆောင်ရွက်မှုသာဖြစ်နိုင်ကြောင်း၊ အေးချမ်းတည်ငြိမ်ပြီး သာယာဝပြောသော ကမ္ဘာကြီးဖြစ်လာအောင် ကုလသမဂ္ဂကြီးက ကြိုးပမ်းရာမှာ မြန်မာနိုင်ငံကလည်း ဆက်လက်ပူးပေါင်း ပါဝင်သွားမည်ဖြစ်ကြောင်း ဤအခမ်းအနားကြီးမှာ ထပ်လောင်းပြောကြားအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၆၁)နှစ်မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ် သဝဏ်လွှာကို နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းကလည်းကောင်း၊ ကုလ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော(၆၁)နှစ်မြောက်ကုလသမဂ္ဂနေ့အထိမ်းအမှတ် သဝဏ်လွှာကို နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းဖတ်ကြားစဉ်။ (သတင်းစဉ်)

အမျိုးသားဖွံ့ဖြိုးရေးစီမံကိန်းကို မိမိတို့၏ ကိုယ်ပိုင်အရင်းအမြစ်များနှင့်သာ ဆောင်ရွက်နေခြင်း ဖြစ်သော်လည်း ဝေးလံသည့် ဒေသများရှိ ပြည်သူများအတွက် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးမှုနှင့် ပညာရေး၊ ကျန်းမာရေး စောင့်ရှောက်မှု တို့တွင် တိုးတက်မှုများရရှိအောင် ဆောင်ကြဉ်း ပေးနိုင်ခဲ့။

နိုင်ငံတော်သံဃမဟာနာယက အဖွဲ့(၄၇)ပါးစုံညီ အဌာရသမ အစည်းအဝေးကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၄

ပဥ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ၄၇ပါးစုံညီ အဌာရသမ အစည်းအဝေးကို ၁၃၆၈ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ရက်နှင့် ၁၁ရက် (၂၀၀၆ ခုနှစ် နိုဝင်ဘာ ၁၄ ရက်နှင့် ၁၅ ရက်)တို့တွင် ကျင်းပမည်ဖြစ်ပြီး အကြိုညှိနှိုင်းအစည်းအဝေးကို ၁၃၆၈ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၂ရက်၊ ၃ရက်နှင့် ၄ရက် (၂၀၀၆ ခုနှစ် နိုဝင်ဘာ ၆ ရက်၊ ၇ ရက်၊ ၈ ရက်)တို့တွင် ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများအား ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာနာယကကျောင်းဆောင်ကြီးသို့ ၁၃၆၈ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက် (၂၀၀၆ ခုနှစ် နိုဝင်ဘာ ၅ ရက်)အရောက် ကြွရောက်တော်မူကြပါရန် ပင့်စာများဖြင့် ပင့်လျှောက်ထားပြီးဖြစ်ကြောင်း၊ ယင်းပင့်စာများ အချိန်မီမရောက်ရှိပါကလည်း အထက်ပါနေ့ရက်တွင် အရောက်ကြွရောက်တော်မူကြပါရန် ပင့်လျှောက်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။(သတင်းစဉ်)

ကာဇက်စတန် သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ဝန်ကြီး ဦးဉာဏ်ဝင်း ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၂၅

၂၀၀၆ ခုနှစ် အောက်တိုဘာ ၂၅ ရက်တွင် ကျရောက်သော ကာဇက်စတန်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ကာဇက်စတန်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ကာစင်ဇိုမတ်၊ ကေ၊ တိုကာယက်(ဗ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

➪ ပြည်တွင်းပြည်ပမှ

မြန်မာကွန်ဗင်းရှင်းစင်တာဝင်းအတွင်းရှိ မြက်ခင်းပြင်၌ ခင်းကျင်းပြသထားသော ကျောက်စိမ်းအရိုင်းတုံးများကို ကြည့်ရှုစစ်ဆေးပြီး **(အောက်ပုံ)** ပြည်တွင်း ပြည်ပ ရတနာကုန်သည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကာ မြန်မာ ကွန်ဗင်းရှင်းစင်တာမှ ပြန်လည်ထွက်ခွာသွားသည်။

နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျန်ရှိနေသော ကျောက်စိမ်းအတွဲများကို ယမန်နေ့ ညနေ ၄နာရီမှ ည ၇နာရီ ၄၅မိနစ်အထိ တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၃၄၂တွဲကို ရတနာကုန်သည်များက အပြိုင်အဆိုင် ဝယ်ယူကြသည်။ ယမန်နေ့ တစ်နေ့တည်းပင် ကျောက်စိမ်းအတွဲပေါင်း ၉၁၁တွဲကို ရောင်းချခဲ့ရသည်။

နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အစီအစဉ်အရ ယနေ့နံနက် ၈နာရီမှ ညနေ ၄နာရီမိနစ် ၂၀အထိ ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချရာ ကျောက်စိမ်းအတွဲပေါင်း ၈၄၃တွဲကို ရောင်းချခဲ့ရသည်။ ကျန်ရှိသော ကျောက်စိမ်းအတွဲများကို ညပိုင်းတွင် ဆက်လက်ရောင်းချလျက်ရှိသည်။

နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်ပနိုင်ငံ ၁၂နိုင်ငံမှ ရတနာကုန်သည် ၁၈၆၄ဦးနှင့် ပြည်တွင်း နိုင်ငံသား ရတနာကုန်သည် ၁၃၃၀ စုစုပေါင်း ရတနာကုန်သည် ၃၁၉၄ဦး တက်ရောက်၍ ကျောက်စိမ်းအတွဲများကို အပြိုင်အဆိုင် ဝယ်ယူလျက်ရှိကြသည်။

ယခု နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်တွင်းပြည်ပ ရတနာကုန်သည်များ ခန့်မှန်းသည်ထက်ပိုမိုများပြားစွာ လာရောက်ဝယ်ယူကြသည့်အတွက် ပုလဲ၊ ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများကို ယခင်ပြပွဲများထက်ပိုမိုရောင်းချရသည်။

အောက်တိုဘာ ၂၅ရက်တွင် ကျန်ရှိသော ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။ (သတင်းစဉ်)

မိန့်ခွန်းပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ်အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်**တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (အပေါ်ပုံနှင့် အောက်ပုံ) (သတင်းစဉ်)

ရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းရန် လုပ်ပိုင်ခွင့်အပြည့်အဝ အပ်နှင်းထားသည့် လုံခြုံရေးကောင်စီသည် ကုလသမဂ္ဂ ပင်မအဖွဲ့အစည်းတစ်ခု အနေဖြင့် ပဋိညာဉ်စာတမ်းပါ အခြေခံမူကြီးများနှင့်အညီ လုပ်ဆောင်ရန်လိုအပ်ကြောင်း၊ ထို့အပြင် လုံခြုံရေးကောင်စီသည် အားနည်းသည့် နိုင်ငံများ၏ သဘောထားကို လက်ခံကြားနာပြီး လေးစား အကောင်အထည်ဖော်သည့် နေရာမှာလည်းဖြစ်သင့်ကြောင်း။

နိဂုံးချုပ်မတင်ပြမီ ကုလသမဂ္ဂကြီးကို ၁၀နှစ်တိုင်တိုင် ပညာဉာဏ်ရှိရှိ ဖွဲ့ခိုင်ခိုင်ဖြင့် ဦးဆောင်မှုပေးခဲ့သည့် အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ကိုဖီအာနန်ကို လေးလေးနက်နက် တန်ဖိုးထား ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုကြောင်း။

လွန်ခဲ့သည့် (၆၁)နှစ်တာ ကာလအတွင်းမှာ ကုလသမဂ္ဂကြီးသည် ပြောင်းလဲမှုတွေ၊ အသစ်အသစ် ဖြစ်ရပ်တွေကို ရင်ဆိုင်နိုင်စွမ်းရှိကြောင်း သက်သေထူခဲ့ပြီး ဖြစ်ကြောင်း၊ ယနေ့ကုလသမဂ္ဂသည် ၁၉၄၅ခုနှစ်စတင် ထူထောင်စဉ်နှင့်ဆိုလျှင် များစွာကွာခြားနေပြီဖြစ်ကြောင်း၊ အဖွဲ့ဝင်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် နယ်ပယ်အနှံ့အပြားမှာ တာဝန်သစ်အများအပြားကို ထမ်းဆောင်နိုင်လျက်ရှိကြောင်း၊ ၎င်းအား အပ်နှင်းထားသည့် လုပ်ဆောင်ဖွယ်များကို ကုလသမဂ္ဂကြီးက ပေါက်မြောက်အောင် လုပ်ဆောင်နိုင်ရန် ဆိုသည်မှာနိုင်ငံအများက ဆက်လက်ပူးပေါင်းဆောင်ရွက်မှုသာဖြစ်နိုင်ကြောင်း၊ အေးချမ်းတည်ငြိမ်ပြီး သာယာဝပြောသော ကမ္ဘာကြီးဖြစ်လာအောင် ကုလသမဂ္ဂကြီးက ကြိုးပမ်းရာမှာ မြန်မာနိုင်ငံကလည်း ဆက်လက်ပူးပေါင်း ပါဝင်သွားမည်ဖြစ်ကြောင်း ဤအခမ်းအနားကြီးမှာ ထပ်လောင်းပြောကြားအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၆၁)နှစ်မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ် သဝဏ်လွှာကို နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းကလည်းကောင်း၊ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာ ကိုဖီအေအာနန်၏ သဝဏ်လွှာကို ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများ၏ ဌာနေ ညှိနှိုင်းရေးမှူး မစ္စတာ ချားလ်စ်ဂျိမ်းစ်ပေထရီကလည်းကောင်း ဖတ်ကြားကြသည်။

ယင်းနောက် ၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ် အခြေခံပညာ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ ပထမဆုရ ရခိုင်ပြည်နယ် စစ်တွေမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသား မောင်တင်ဖြိုးအောင်၊ ဒုတိယဆုရ ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူ မစုစုဝင်းနှင့် တတိယဆုရ ပဲခူးတိုင်း ပဲခူးမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်း ကျောင်းသူ မခင်ဖူးမော်တို့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းကလည်းကောင်း၊ အခြေခံပညာ အလယ်တန်းအဆင့် ပိုစတာပြိုင်ပွဲ ပထမဆုရ မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ ဆဋ္ဌမတန်းကျောင်းသား မောင်အောင်သူရ၊ ဒုတိယဆုရ ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် မြို့မ အခြေခံပညာ အလယ်တန်းကျောင်းမှ ပဥ္စမတန်းကျောင်းသူ မမေထူးမြတ်မွန်နှင့် တတိယဆုရ ပဲခူးတိုင်း ပဲခူးမြို့ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသား မောင်အောင်ပိုင်စိုးတို့အား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ချမ်းငြိမ်းကလည်းကောင်း၊ အခြေခံပညာမူလတန်းအဆင့် ပန်းချီပြိုင်ပွဲ ပထမဆုရ ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်းမှ တတိယတန်းကျောင်းသူ မဖူးသဥ္ဇာနိုင်၊ ဒုတိယဆုရ မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် အမှတ်(၁၈) အခြေခံပညာ မူလတန်းကျောင်းမှ စတုတ္ထတန်းကျောင်းသား မောင်အောင်ပြည့်နှင့် တတိယဆုရ ပဲခူးတိုင်း ပဲခူးမြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှ တတိယတန်းကျောင်းသားမောင်ကျော်စိုးဟန်တို့အား ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများ၏ ဌာနေညှိနှိုင်းရေးမှူး မစ္စတာ ချားလ်စ်ဂျိမ်းစ်ပေထရီကလည်းကောင်းဆုများကို အသီးသီး ချီးမြှင့် ပေးအပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)သည် ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ခန်းမအတွင်း ခင်းကျင်းပြသထားသော ဆုရစာစီစာကုံးများ၊ ပိုစတာများ၊ ပန်းချီကားများနှင့် ကုလသမဂ္ဂ ပြန်ကြားရေးဌာန၏ ပိုစတာများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။ (သတင်းစဉ်)

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာ ကိုဖီအေအာနန်၏ သဝဏ်လွှာကို ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများ၏ ဌာနေ ညှိနှိုင်းရေးမှူး မစ္စတာ ချားလ်စ်ဂျိမ်းစ်ပေထရီ ဖတ်ကြားစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၅–၁၀–၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ အတီးပြိုင်ပွဲ
- ၈:၀၀ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈:၁၅ ၇။ အဆိုပြိုင်ပွဲ
- ၈:၂၀ ၈။ ရှမ်းပြည်နယ်အရှေ့ပိုင်း နမ့်မွေတံတား
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Let's Go
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Practice In Reading.
- ၄:၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ –ပထမနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
- ၄:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာ တေးသံသာ
- ၅:၀၅ ၆။ လက်ဆင့်ကမ်းပေးဂီတတေး
- ၅:၁၀ ၇။ မြန်မာစာ၊မြန်မာစကား
- ၅:၂၀ ၈။ **"သတိတစ်ချက် တစ်သက်အမှား" (ကျော်မင်းနောင်၊ ကြည်လဲ့လဲ့ဦး၊ နန်းကလျာလှိုင်) (ဒါရိုက်တာ–စောစန္ဒာလှိုင်)**
- ၅:၃၀ ၉။ သီချင်းကြိုးပဒေသာ
- ၅:၄၀ ၁၀။ **"ဒီအိုတီအက်စ်"(ဖိုးဖြူ၊ ကျော်ထူး၊ ခိုင်သင်းကြည်၊ ကြူကြူသင်း) (ဒါရိုက်တာ–သိန်းဟန်)**
- ၅:၄၅ ၁၁။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၆:၀၀ ၁၂။ ညနေခင်းသတင်း
- ၆:၃၀ ၁၃။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၄။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၇:၀၅ ၁၅။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
- ၇:၁၅ ၁၆။ ယှဉ်စည်းကမ်း၊လမ်းစည်းကမ်း ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (အခြေခံပညာမူလတန်းအဆင့်)
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ ၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ
- ၂၁။ **မြန်မာရုပ်ရှင် "ပန်းပန်လျက်ပါ" (ကောလိပ်ဂျင်နေဝင်း၊မြတ်လေး၊ ကြည်ကြည်ဌေး၊ဘေဘီနွဲ့) (ဒါရိုက်တာ–ချစ်ခင်)**
- ၂၂။ နောက်တစ်နေ့အစီအစဉ်
- ၂၃။ အစီအစဉ်ပြီး၏။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုတို့ သဒ္ဓါသုမနဇာတ်တော်ကြီး ရုပ်သေးပြိုင်ပွဲတွင် မန္တလေးတိုင်းမှ ရတနာပုံရုပ်စုံသဘင်အဖွဲ့ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို မန္တလေးတိုင်း "ရတနာပုံရုပ်စုံသဘင်" အဖွဲ့၏ ယှဉ်ပြိုင်တင်ဆက်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၂၄

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ 'သဒ္ဓါသုမနဇာတ်တော်ကြီး' ရုပ်သေးပြိုင်ပွဲကို ယနေ့ည ၇နာရီတွင် စတုတ္ထနေ့အဖြစ် နေပြည်တော်ရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ခန်းမဆောင်၌ မန္တလေးတိုင်းမှ ရတနာပုံရုပ်စုံသဘင်အဖွဲ့ ယှဉ်ပြိုင်တင်ဆက်ရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုတို့ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပါ ရုပ်သေးပြိုင်ပွဲ ယှဉ်ပြိုင်တင်ဆက်ရာသို့ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဗဟိုနာယကအဖွဲ့ဝင်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး နေပြည်တော်တိုင်း စစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးရန်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ နေပြည်တော်သို့ လေ့လာရေးရောက်ရှိနေသော ပြည်နယ်နှင့် တိုင်းများမှ ယဉ်ကျေးမှုကိုယ်စားလှယ်များ၊ နေပြည်တော် အနီးဝန်းကျင်မှ ပြည်သူများနှင့် မြန်မာ့ရုပ်သေးအနုပညာကို ချစ်မြတ်နိုးကြသော ပြည်သူများ တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲတွင် ရုပ်သေးအကဲဖြတ်အဖွဲ့ဥက္ကဋ္ဌ ဦးချစ်စံဝင်းနှင့်အဖွဲ့က အမှတ်ပေး အကဲဖြတ်ကြသည်။

ထိုသို့ယှဉ်ပြိုင်တင်ဆက်ရာတွင် ဆိုင်းပညာရှင် ပစ်တိုင်းထောင်ဆိုင်းအဖွဲ့နှင့် တွဲဖက်၍ ဆို၊ ငို၊ ပြော ပညာရှင် မန်းပန်တျာထွန်းထွန်းနိုင်၊ မလှိုင်သန်းသန်းမြင့်နှင့် ရုပ်သေးကြိုးဆွဲပညာရှင် ယဉ်ကျေးမှုတက္ကသိုလ် (မန္တလေး)မှ မောင်ခင်မောင်ထွေး ဦးဆောင်သော ကျောင်းသားကျောင်းသူများက 'သဒ္ဒါသုမနဇာတ်တော်'လာ မြန်မာလူမျိုးတို့၏ ယုံကြည်သက်ဝင်သည့် အလှူဒါန၏ အကျိုးနှင့် မွန်မြတ်သည့်စိတ်ရင်း စေတနာမှန်သည်သာ ကောင်းမြတ်သည့် အကျိုးတရားကောင်းဖြစ်စေကြောင်းတို့ကို ခက်ခဲနက်နဲသော ရုပ်သေးပညာရပ်များဖြင့် ယှဉ်ပြိုင်တင်ဆက်သွားသည်။

အောက်တိုဘာ ၂၅ ရက် ညတွင် ဧရာဝတီတိုင်းမှ ရောလိုင်း ရုပ်စုံသဘင်အဖွဲ့ ယှဉ်ပြိုင်တင်ဆက်သွားမည်ဖြစ်သည်။ (သတင်းစဉ်)

ရုပ်သေး "သဒ္ဓါသုမန ဇာတ်တော်ကြီး" မည်သူမဆို အခမဲ့ကြည့်ရှုနိုင်

နေပြည်တော် အောက်တိုဘာ ၂၄

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ရုပ်သေး"သဒ္ဒါသုမနဇာတ်တော်ကြီး"ကို ရေဆင်းတက္ကသိုလ်ဝင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၌ ဆက်လက်ယှဉ်ပြိုင်ကြရာ မည်သူမဆို အခမဲ့ကြည့်ရှုနိုင်ကြောင်းနှင့် အောက်တိုဘာ ၂၅ရက်တွင် ဧရာဝတီတိုင်းမှ ရောလိုင်းရုပ်စုံအဖွဲ့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆင့်ကာမ်းပေးဝေ မျိုးချစ်မွေ

ဘအိုဆင့်ကမ်း
မြေးငယ်လှမ်းယူ
ကြိုးပမ်းပေးဝေ
မျိုးချစ်မွေကြောင့်
ရေရှည်စိတ်ချ
နာဂတ်လှပြီ
မြန်မာ့ရှေ့ရေး
ရင်မှာအေး။
အမျိုးသားရေး
အားသစ်မွေး။ ။

[(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ဂုဏ်ပြုလျက်]

ရန်နိုင်ဦး

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ စောင်းအတီးပြိုင်ပွဲ အကဲဖြတ်အဖွဲ့ဝင်(စောင်း) ဦးသိန်းဟန်ကြီးက မျိုးဆက်သစ် မြေးငယ်များအား စောင်းပညာကို လက်ဆင့်ကမ်းပညာပေးဝေမှုစဉ်။ (သတင်းစဉ်)

မင်္ဂလာတောင်ညွန့်မြို့နယ်၌ စေတနာညကျောင်း ဖွင့်လှစ် ဂုဏ်ထူးဖြင့်အောင်မြင်သူ ကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်

ရန်ကုန် အောက်တိုဘာ ၂၄

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ၂၀၀၆-၂၀၀၇ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲအထောက်အကူပြု စေတနာညကျောင်းဖွင့်ပွဲနှင့် ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၁နာရီခွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေက အမှာစကားပြောကြားသည်။

ထို့နောက် ဦးခင်ဇော်-ဒေါ်ခင်ဆွေဦး (ကျားကိုးကောင် မော်တော်ယာဉ်ထုတ်လုပ်ရေး)က မင်္ဂလာတောင်ညွန့်မြို့နယ် ဓမ္မရက္ခိတ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအတွက် ငွေကျပ်တစ်သိန်းခွဲတန်ဖိုးရှိ ကျောင်းဝတ်စုံများကိုလည်းကောင်း၊ စေတနာညကျောင်းအတွက် ဦးတင်အောင်-ဒေါ်ခင်လှ (Star စာရေးကိရိယာ)က ငွေကျပ်တစ်သိန်းခွဲတန်ဖိုးရှိ စာအုပ်နှင့်စာရေးကိရိယာများ၊ ဦးအောင်မြင့်(ရတနာမြိုင်)၊ ဦးအောင်ထွေး(ကိုင်ရှိ)၊ ဦးမြင့်နိုင်(ငပလီ) ဆောက်လုပ်ရေး လုပ်ငန်းရှင်များနှင့် မြို့နယ် ဆီလုပ်ငန်းရှင်များအသင်းတို့က ငွေကျပ်တစ်သိန်းစီကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက လက်ခံသည်။

ယင်းနောက် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းထွေးခိုင်က ရာသက်ပန်အသင်းဝင် အဆိုပြုလွှာများကို ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေထံပေးအပ်သည်။ **(အပေါ်ယာပုံ)**

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်တို့က စေတနာညကျောင်းမှ ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ်က ၂၀၀၆-၂၀၀၇ခုနှစ် စေတနာ

ညကျောင်းသို့ တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံးစာရေးကိရိယာများကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် မြို့နယ်ပညာရေးမှူးကိုယ်စား အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးလှသောင်းက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် အဖွဲ့ဝင်များသည် မင်္ဂလာတောင်ညွန့်မြို့နယ် မလွှကုန်းရပ်ကွက်ရှိ ဓမ္မရက္ခိတ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ သွားရောက်၍ ဓမ္မရက္ခိတကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဉာဏဓဇအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ကျောက်ဆည်ခရိုင် ရေဘေး ကယ်ဆယ်ရေးအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ လှူဒါန်းငွေများကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌထံ အောက်တိုဘာ ၁၃ရက်တွင် ပေးအပ်လှူဒါန်းစဉ်။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)

ဟော်ကီအားကစားလုပ်ငန်းညှိနှိုင်း မြက်ခင်းတုပစ္စည်း လွှဲပြောင်းပေးအပ်

ရန်ကုန် အောက်တိုဘာ ၂၄

မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်၏ သိမ်ဖြူ ဟော်ကီအားကစားကွင်းတွင် တည်ဆောက်လျက်ရှိသော မြက်ခင်းတု ဟော်ကီအားကစားကွင်းနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက် ၈နာရီခွဲတွင် မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရ အေးမြင့်၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မြင့်စိုး၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးကျော်နိုင်နှင့် ဦးကျော်ကျော်လှိုင် MMM ဆောက်လုပ်ရေးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာဦးကျော်မင်းတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က အမှာစကားပြောကြားပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ မြန်မာနိုင်ငံသို့ ကူညီပံ့ပိုးသော မြက်ခင်းတုနှင့် ပတ်သက်သည့်ပစ္စည်းများ၊ တရားဝင် လွှဲပြောင်းပေးသည့် စာချုပ်လွှာကို ဘင်္ဂလားဒေ့ရှ်နိုင်ငံကိုယ်စား Polytan ကုမ္ပဏီ၏ ဒေသခံကိုယ်စားလှယ်ဖြစ်သူ The Modern Builders International Ltd. မှ အမှုဆောင်ဒါရိုက်တာ Mr. Ahmed Hashin Munnee က ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်ထံသို့ ပေးအပ်သည်။

မြက်ခင်းတု ဟော်ကီအားကစားကွင်းအတွက် ပတ်သက်သည့်ပစ္စည်းများသည် အောက်တိုဘာ ၂၂ရက်တွင် ရန်ကုန်ဆိပ်ကမ်း ASIA WORLD ကုန်သေတ္တာစခန်းသို့ ရောက်ရှိကြောင်း သိရသည်။

(ကြေးမုံ)

အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်ထံ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ကူညီပံ့ပိုးသော မြက်ခင်းတုနှင့် ပတ်သက်သည့်ပစ္စည်းများ ပါဝင်သော ကုန်သေတ္တာများ တရားဝင်လွှဲပြောင်းပေးသည့် စာချုပ်လွှာကို ဘင်္ဂလားဒေ့ရှ်နိုင်ငံကိုယ်စား Polytan ကုမ္ပဏီ၏ ဒေသခံကိုယ်စားလှယ် Mr. Ahmed Hashin Munnee က ပေးအပ်စဉ်။ (ဟော်ကီအဖွဲ့ချုပ်)

❒ (၁၄)ကြိမ်မြောက်မှ

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများသို့ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ နာယကအဖွဲ့ဝင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး

အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် အမျိုးသား အကပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ မြိုင်ကြီးငူ စောထက်ရှိုင်း ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

ဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးရန်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ ပြည်နယ်နှင့်တိုင်းများမှ တိုင်းရင်းသားယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့ဝင်များ၊ နေပြည်တော်အနီးဝန်းကျင်မှ ပြည်သူများနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာကို စိတ်ဝင်စားကြပြီး လေးစားတန်ဖိုးထားမြတ်နိုးကြသည့် ပြည်သူများ လာရောက်ကြည့်ရှုအားပေးကြသည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အကပြိုင်ပွဲကို နံနက် ၉နာရီတွင် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ခန်းမဆောင်၌ ကျင်းပရာ အကအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး)သဘင်ဌာနမှ ပါမောက္ခ ဒေါ်နုနုခင်နှင့် အကအကဲဖြတ်အဖွဲ့ဝင်များက အမှတ်ပေး အကဲဖြတ်ကြသည်။

ယနေ့ကျင်းပသည့် အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် အမျိုးသား အကပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ မောင်ကျော်လင်း၊ ကချင်ပြည်နယ်မှ မောင်ကျော်စိုးဦး၊ မန္တလေးတိုင်းမှ မောင်ဝေယံကျော်၊ ရန်ကုန်တိုင်းမှ မောင်သန့်ဇင်ထွန်း၊ ဧရာဝတီတိုင်းမှ မောင်ဟိန်းနန်းအောင်၊ ကချင်ပြည်နယ်မှ မောင်သီဟအောင်၊ မန္တလေးတိုင်းမှ မောင်ဝေယံဇော်၊ မကွေးတိုင်းမှ မောင်ညီညီဇော်၊ မွန်ပြည်နယ်မှ မောင်မင်းရဲဇာဏီကျော်၊ ရန်ကုန်တိုင်းမှ မောင်မျိုးမြင့်အောင်၊ ကယားပြည်နယ်မှ မောင်သိန်းဌေးအောင်၊ စစ်ကိုင်းတိုင်းမှ မောင်အောင်နိုင်ဦး၊ ကရင်ပြည်နယ်မှ မြိုင်ကြီးငူ စောထက်ရှိုင်းတို့ ပါဝင်ယှဉ်ပြိုင် ကပြကြသည်။

အလားတူ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ မြန်မာဂီတာ အတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး တက္ကသိုလ် စုဝေးခန်းမ၌ ဆက်လက်ကျင်းပရာ အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ်အမှတ်ပေးကြသည်။

ရှေးဦးစွာ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသား မြန်မာဂီတာအတီးပြိုင်ပွဲကို စတင်ကျင်းပရာ "ခါနွေဆန်း" (ယိုးဒယား)သီချင်းဖြင့် ဧရာဝတီတိုင်းမှ ဦးရဲမြင့်၊ တနင်္သာရီတိုင်းမှ ဦးတင်ထွန်း၊မွန်ပြည်နယ်မှ ဦးကျော်မြင့်၊ရန်ကုန်တိုင်းမှ ဦးတင်ရွှေ၊ မန္တလေးတိုင်းမှ ဦးတာနော၊ ပဲခူးတိုင်းမှ ဦးသန်း၊ မန္တလေးတိုင်းမှ ဦးရဲတင့်၊ ကရင်ပြည်နယ်မှ မြိုင်ကြီးငူ ဦးစောစံအေးနှင့် ရန်ကုန်တိုင်းမှ ဦးလှမြင့်တို့ တီးခတ်ပြိုင်ပွဲဝင်ကြသည်။

ထို့နောက် ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီး မြန်မာဂီတာအတီးပြိုင်ပွဲကိုဆက်လက်ကျင်းပရာ ထူးမခြားနား သီချင်းခံဖြင့် မွန်ပြည်နယ်မှ ဒေါ်ရွက်နုခိုင်နှင့် ပဲခူးတိုင်းမှ ဒေါ်ခိုင်ခိုင်မြင့်တို့ တီးခတ်ယှဉ်ပြိုင်ကြသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် (အမျိုးသား) မြန်မာဂီတာ အတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ဇေယျာအောင်ခြာ(ကြိုး) သီချင်းဖြင့် ပဲခူးတိုင်းမှ မောင်သူရ၊ ဧရာဝတီတိုင်းမှ မောင်အောင်နိုင်စိုး၊ ရန်ကုန်တိုင်းမှ မောင်ချမ်းငြိမ်းအောင်နှင့် မောင်အောင်တို့ တီးခတ်ယှဉ်ပြိုင်ကြသည်။

ထို့နောက် အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် အမျိုးသမီး မြန်မာဂီတာ အတီးပြိုင်ပွဲကို ကျင်းပရာ သောင်းသောင်းညံ(ယိုးဒယား)သီချင်းဖြင့် ရန်ကုန်တိုင်းမှ မနွေဇင်ဝင်းက တီးခတ်ယှဉ်ပြိုင်သည်။

ဝါသနာရှင်အဆင့်(ဒုတိယတန်း)အမျိုးသမီးတစ်ဦးချင်း ဆိုင်းအတီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းမှ မအောင်ဗိုလ်မ ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

ထို့အတူ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဒုံမင်းအတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် နေပြည်တော်ရှိ စိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမ၌ ဆက်လက်ကျင်းပရာ အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ်အမှတ်ပေးကြသည်။

ရှေးဦးစွာ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသား ဒုံမင်းအတီးပြိုင်ပွဲကို စတင်ကျင်းပရာ "မာရဝိဇယ"(ဘွဲ့) သီချင်းဖြင့် ဧရာဝတီတိုင်းမှ ဦးမောင်ဟန်၊ မကွေးတိုင်းမှ ဦးကျော်ဌေး၊ ရန်ကုန်တိုင်းမှ ဦးတင်ဝင်းနှင့် မြန်မာပြည်လှိုင်မင်း၊ ပဲခူးတိုင်းမှ ဦးတင်အောင်တို့ တီးခတ်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီး ဒုံမင်းအတီးပြိုင်ပွဲကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပရာ သာတင့်ဆုံး(ယိုးဒယား)သီချင်းဖြင့် မန္တလေးတိုင်းမှ ဒေါ်စိန်စိန်ရင်နှင့် ရန်ကုန်တိုင်းမှ ဒေါ်ရည်ဖုန်းဆွေတို့ တီးခတ်ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ အဆင့်မြင့်ပညာအဆင့် (အမျိုးသား) ဒုံမင်းအတီးပြိုင်ပွဲကိုကျင်းပရာ သီလာမြေယံ(ကြိုး) သီချင်းဖြင့် မန္တလေးတိုင်းမှ မောင်မင်းဂေါင်စိုးနှင့် မောင်မျိုးသူတို့ တီးခတ်ပြိုင်ပွဲဝင်ကြသည်။

ယင်းနောက် အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) ဒုံမင်းအတီးပြိုင်ပွဲတွင် တောနှင့်တောင်စွယ် (ယိုးဒယား) သီချင်းဖြင့် မန္တလေးတိုင်းမှ မအေးစုမွန်က တီးခတ်ပြိုင်ပွဲဝင်သည်။

အလားတူ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ စန္ဒရား အတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် နေပြည်တော်ရှိ ရေဆင်းသစ်တောသုတေသနဌာန၌ ဆက်လက်ကျင်းပရာ အတီးအကဲဖြတ်အဖွဲ့ဥက္ကဋ္ဌ ဦးရည်နွယ်ကကြီးကြပ်၍ စန္ဒရားအတီး အကဲဖြတ်အဖွဲ့ခေါင်းဆောင် စန္ဒရားဦးနီနီ နှင့်အဖွဲ့က အကဲဖြတ်အမှတ်ပေးကြသည်။

ပြိုင်ပွဲကိုကျင်းပရာတွင် ဝါသနာရှင်အဆင့်(ဒုတိယတန်း) (အမျိုးသား)စန္ဒရားအတီးပြိုင်ပွဲ၌ "မြိုင်ဂန္ဓမာ" (ယိုးဒယား) သီချင်းဖြင့် ပဲခူးတိုင်းမှ ဦးတင်အောင်၊ မန္တလေးတိုင်းမှ ဦးထွန်းထွန်းမင်း၊ မွန်ပြည်နယ်မှ ဦးရဲလင်းအောင်၊ ရန်ကုန်တိုင်းမှ မောင်ဇော်မင်းဦးနှင့် မောင်အောင်ကျော်ထွန်း၊ မန္တလေးတိုင်းမှ ဦးစိုးရွှေဝါ၊ ဧရာဝတီတိုင်းမှ ဦးအောင်အောင်နှင့် ရခိုင်ပြည်နယ်မှ ဦးအောင်ကျော်မျိုးတို့ ပြိုင်ပွဲဝင်ကြသည်။

အလားတူ အခြေခံပညာအဆင့် အသက်(၁၅-၂၀) နှစ်(အမျိုးသမီး) စန္ဒရားအတီးပြိုင်ပွဲကို မွန်းလွဲ ၁နာရီတွင် ဆက်လက်ကျင်းပရာ "ဆန်းနွေဦး"(ယိုးဒယား)သီချင်းဖြင့် ရန်ကုန်တိုင်းမှ မနှင်းအေးဝေနှင့် မသိမ့်မျက်သွယ်တို့ ပြိုင်ပွဲဝင်ကြသည်။

ထို့အတူ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဆိုင်းအတီး ပြိုင်ပွဲကို နံနက် ၉နာရီတွင် စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ အတီးအကဲဖြတ်အဖွဲ့ဥက္ကဋ္ဌ ဦးရည်နွယ်က ကြီးကြပ်၍ အတီးအကဲဖြတ်အဖွဲ့ခေါင်းဆောင် မလှိုင်ဦးသန်းထွန်းနှင့်အဖွဲ့က အကဲဖြတ် အမှတ်ပေးကြသည်။

ထိုသို့ ကျင်းပရာတွင် ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးတစ်ဦးချင်း ဆိုင်းအတီးပြိုင်ပွဲတွင် "ဆန်းနွေဦး" (ယိုးဒယား)သီချင်းဖြင့် စစ်ကိုင်းတိုင်းမှ မအောင်ဗိုလ်မ၊ ဧရာဝတီတိုင်းမှ ဒေါ်လွင်လွင်မော်၊ ရန်ကုန်တိုင်းမှ ဒေါ်မြင့်မြင့်အေး၊ ရန်ကုန်တိုင်းမှ ပေါက်ကျော်မ၊ မန္တလေးတိုင်းမှ ဒေါ်ကြည်ကြည်စန်း၊ မန္တလေးတိုင်းမှ ဒို့ဗိုလ်လှ(ခ) ဒေါ်အေးသန္တာလွင်နှင့် ပဲခူးတိုင်းမှ ဒေါ်မြမြဝင်းတို့ ပြိုင်ပွဲဝင်ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ အဆင့်မြင့်ပညာအဆင့် အမျိုးသမီး တစ်ဦးချင်း ဆိုင်းအတီးပြိုင်ပွဲကို မွန်းလွဲ ၁နာရီတွင်ကျင်းပရာ "မင်းလမ်းဆက်ခါ"(ကြိုး) သီချင်းဖြင့် ရန်ကုန်တိုင်းမှ မတင်ဇာအေးလွင်၊ မန္တလေးတိုင်းမှ မမြင့်မြင့်သင်း(ခ) မဟန်မြင့်မြင့်လွင်နှင့် ရန်ကုန်တိုင်းမှ မအိအိမွန်တို့ ပြိုင်ပွဲဝင်ယှဉ်ပြိုင်ကြပြီး အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် အမျိုးသမီးတစ်ဦးချင်း ဆိုင်းအတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ရွှေပြည်ကြီး ဧရာ(ကြိုး)သီချင်းဖြင့် ကချင်ပြည်နယ်မှ မကြည်ကြည်သာ၊ ရန်ကုန်တိုင်းမှ မဇာနည်နန်းလွင်နှင့် မဝင်းနန္ဒာလွင်၊ မကွေးတိုင်းမှ မနှင်းအိခိုင်၊ ပဲခူးတိုင်းမှ မဇင်မာဖြိုးနှင့် စစ်ကိုင်းတိုင်းမှ မယမင်းထွန်းတို့ ပြိုင်ပွဲဝင်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲများ ကျင်းပအပြီးတွင် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ ဦးစီးကော်မတီနာယကအဖွဲ့ဝင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် ဝန်ကြီး၊ ဒုတိယဝန်ကြီးများသည် ပြိုင်ပွဲများ၌ အကဲဖြတ် အမှတ်ပေးကြသည့် အနုပညာရှင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး အားပေးစကားပြောကြားသည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အောက်တိုဘာ ၂၅ရက်တွင် သတ်မှတ်နေရာအသီးသီး၌ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ (သတင်းစဉ်)

မြန်မာ့ပရိဘောဂပြပွဲ–၂၀၀၆ စတုတ္ထနေ့အဖြစ် ဆက်လက်ပြသ

ရန်ကုန် အောက်တိုဘာ ၂၄

"သစ်တောရတနာ၊ ပြည့်ဘဏ္ဍာ၊ အစဉ်ထာဝရ၊ ထိန်းသိမ်းကြ" ဟူသော ဆောင်ပုဒ်နှင့်အညီ သစ်တောရေးရာ ဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းနှင့် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်ကျင်းပသည့် မြန်မာ့ပရိဘောဂပြပွဲ–၂၀၀၆ (Myanmar Furniture Fair-2006) **ကို စတုတ္ထနေ့အဖြစ် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဆက်လက်ကျင်းပသည်။**

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် မြန်မာ့ပရိဘောဂပြပွဲ–၂၀၀၆ ပြခန်းများကို ကြည့်ရှုအားပေးစဉ်။

(သစ်တောရေးရာ)

မြန်မာ့ပရိဘောဂပြပွဲ–၂၀၀၆ ကျင်းပရာ တပ်မတော်ခန်းမသို့ သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ယနေ့ညနေ ၃ နာရီတွင် ရောက်ရှိကြည့်ရှုစစ်ဆေးရာ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြည့်ရှုအားပေး

ဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့ပရိဘောဂပြပွဲ–၂၀၀၆ ၌ ပြသထားသော ပြခန်းအသီးသီးကို လှည့်လည်ကြည့်ရှုအားပေးပြီး လုပ်ငန်းရှင်များအား လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးသည် ပြပွဲတွင် ဝယ်ယူစာချုပ် ချုပ်သော လုပ်ငန်းရှင်များနှင့် လာရောက်ကြည့်ရှုသော ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အုတ်ဖို မြတ်စွယ်တော်အပူဇော်ခံမည်

ရန်ကုန် အောက်တိုဘာ ၂၄

ပဲခူးတိုင်း (အနောက်ပိုင်း) သာယာဝတီခရိုင် အုတ်ဖိုမြို့ ဓမ္မာရုံသာသနာ့ဗိမာန်တော်ကြီးတွင် ၁၂၅၂ ခုနှစ်မှ စတင်ကိန်းဝပ်စံပယ်တော်မူသော ၁၁၆ ဝါတော်ပြည့် ဗုဒ္ဓမြတ်စွယ်တော် (၁၃)ကြိမ်မြောက် အပူဇော်ခံပွဲကို မြတ်စွယ်တော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့မှ ဦးစီး၍ နိုဝင်ဘာ ၁ ရက်မှ ၅ ရက်နေ့အထိ [၁၃၆၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်နေ့မှ လပြည့်ကျော် ၁ ရက်နေ့အထိ] ငါးရက်တိုင်တိုင် ဇာတ်ပွဲ၊ ရုပ်ရှင်၊ ဗီဒီယို၊ ဂီတဖျော်ဖြေပွဲ၊ ခြင်းအလှခတ်ပွဲများဖြင့် ကျင်းပပူဇော်မည်ဖြစ်ကြောင်းနှင့် ဈေးဆိုင်အဟောင်း၊ အသစ်များသည် အုတ်ဖိုဓမ္မာရုံ သာသနာ့ဗိမာန်တော် ဂေါပကအဖွဲ့ရုံးတွင် ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ပဲခူးမြို့ ကြခတ်ဝိုင်းစာသင်တိုက်ရှိ သံဃာတော်များ၏ ဆွမ်း၊ ကွမ်း ပဒေသာပင်အတွက် ငွေကျပ် ၁၀သိန်းကို ရွှေကျင်နိကာယဥက္ကဋ္ဌ မဟာနာယကတွဲဖက် ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်သြဝါဒါစရိယ၊ ကြခတ်ဝိုင်းဝံသာဓိပတိ အဂ္ဂမဟာဝိနာယက ဘဒ္ဒန္တဇောတိပါလအား ဒေါက်တာခင်သက်မော်၏ကိုယ်စား ရန်ကုန်မြို့နေ ဗိုလ်မှူးကြီးစိန်ရ(ငြိမ်း)နှင့် ဇနီးတို့က လှူဒါန်းစဉ်။ (ပြန်/ဆက်)

အထက(၁)ကြည့်မြင်တိုင် အာစရိယပူဇော်ကြမည်

ရန်ကုန် အောက်တိုဘာ ၂၄

ကြည့်မြင်တိုင်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း (ယခင်အေဘီအမ် ကြည့်မြင်တိုင် မိန်းကလေးအထက်တန်းကျောင်း) ၏ တတိယအကြိမ် စုပေါင်းအာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၆ ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ကြည့်မြင်တိုင်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြဝတ်ရည်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

စုပေါင်းအာစရိယပူဇော်ပွဲသို့ အပူဇော်ခံဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူများ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုသူများသည် အထက(၁) ကြည့်မြင်တိုင် ဖုန်း–၂၂၀၃၆၂၊ ဒေါ်စွမ် ဖုန်း–၂၂၃၃၂၅၊ ဒေါ်ခင်တီတီ ဖုန်း–၅၁၂၆၆၇၊ ဒေါ်ကြူကြူမြင့် ဖုန်း–၅၃၄၇၄၇ နှင့် ဒေါ်ဝင်းဝင်းမေ ဖုန်း–၇၂၁၇၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (ပညာရေး)

မိုးမိတ်မြို့နယ်အသင်း စုပေါင်းဘုံကထိန်ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၄

မိုးမိတ်မြို့နယ်အသင်း၏ ဒုတိယအကြိမ် စုပေါင်းဘုံကထိန် ဆက်ကပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၄ ရက် (တန်ဆောင်မုန်းလပြည့်)နေ့ နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် ဆရာစံတောင်ရပ်ကွက် မင်းလမ်း အမှတ်(၉၀) ရှိ သာသနာ့ရာမိက ကျောင်းတိုက်တွင် ကျင်းပမည်ဖြစ်ရာအသင်းဝင်များ ကြွရောက်ကြပါရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ (က–ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅–၁၀–၂၀၀၆ (ဗုဒ္ဓဟူးနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	မြန်မာ့ပရိဘောဂပြပွဲ(၂၀၀၆)
၇:၁၅	တေးဂီတအစီအစဉ်
၇:၂၀	နိုင်ငံတကာအနုပညာရေးရာ
၇:၄၅	တေးဂီတအစီအစဉ်
၇:၅၀	စိတ်ဝင်စားစရာ မြန်မာ့ပုလဲရတနာ(အပိုင်း–၂)
၈:၀၅	တေးဂီတအစီအစဉ်
၈:၁၀	ပြည်တွင်းသတင်းအကျဉ်း
၈:၅၀	MRTV-4 စာအုပ်စင်ကဏ္ဍ (စာရေးဆရာဒေါက်တာအေးကျော်နှင့်တွေ့ဆုံခြင်း)
၈:၅၀	တစ်ကိုယ်တော်တေးစုကဏ္ဍ(၂)
၉:၁၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၁၅	တေးဂီတအစီအစဉ်
၉:၂၀	Midweek Sports News
၉:၃၅	မိုးလေဝသခန့်မှန်းချက်
၉:၄၀	လောကဥယျာဉ်အတွင်းမှ ပန်းကလေးများ (အမျိုးသမီးကလေးများ သင်တန်းကျောင်း)
၉:၅၀	တေးဂီတအစီအစဉ်
၉:၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၀:၀၅	လေးဖက်နာရောဂါဆိုး (အပိုင်း–၁)
၁၀:၂၅	တေးဂီတအစီအစဉ်
၁၀:၃၀	Myanmar Video Rhythm
၁၁:၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၂၅	နို့ထွက်ပစ္စည်းထုတ်ကုန် မြင့်မားဖို့ကြိုးစားကြပါစို့
၁၁:၄၀	တေးဂီတအစီအစဉ်
၁၁:၄၅	အရသာထူးကဲ ဆယ့်နှစ်ရာသီပိန္နဲ
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၅)နာရီစာ အစီအစဉ်များကို ည ၁၁ နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

မြန်မာ့အရေး ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆွေးနွေးမည့်အစီအစဉ် တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် ဒီမိုကရေစီဖော်ဆောင်မှုတို့ကို ယိုယွင်းပျက်စီးစေမည့်လုပ်ဆောင်ခြင်းကြောင့် လက်မခံ၊ ကန့်ကွက်

နေပြည်တော် အောက်တိုဘာ ၂၄

မြန်မာနိုင်ငံအရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ် SSNA **ခွဲထွက်က သဘောထား ထုတ်ပြန်ကြေညာချက်တစ်ရပ်ကို အောက်တိုဘာ ၂၃ရက် နေ့စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။**

အဆိုပါသဘောထားထုတ်ပြန်ကြေညာချက် အပြည့်အစုံမှာအောက်ပါအတိုင်းဖြစ်သည်–

SSNA ခွဲထွက်၏ သဘောထားထုတ်ပြန်ချက်

ရက်စွဲ။ ။၂၀၀၆ ခုနှစ် အောက်တိုဘာလ ၂၃ရက်

(၁) ၂၀၀၆ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် အမေရိကန်နိုင်ငံ၊ ကုလသမဂ္ဂ အမြဲတမ်းကိုယ်စားလှယ်၏တင်ပြမှုကြောင့် မြန်မာ့အရေးကိစ္စကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းရန် ဆုံးဖြတ်ချက်ချခဲ့ကြောင်း သိရပါသည်။

(၂) ဤဆုံးဖြတ်ချက်သည် နိုင်ငံတော်၏ ဒို့တာဝန်အရေးသုံးပါးကို ထိပါးခြင်း၊ အမျိုးသားညီလာခံကို ပျက်စီးရာပျက်စီးကြောင်း ရည်ရွယ်လုပ်ဆောင်ခြင်း၊ နိုင်ငံတော်၏ရရှိပြီးသော တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် ဒီမိုကရေစီဖော်ဆောင်မှုတို့ကို ယိုယွင်းပျက်စီးစေမည့် ကြံရွယ်လုပ်ဆောင်ခြင်းကြောင့် လက်မခံကြောင်းနှင့် ကန့်ကွက်ကြောင်းကြေညာအပ်ပါသည်။

ဥက္ကဋ္ဌ
ဗိုလ်မှူးကြီးစိုင်းကျော်နိုင်
(SSNA) **မိုင်းကိုင်, မိုင်းယွန်းဒေသ**

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ်၌ မီးလောင်

ရန်ကုန် အောက်တိုဘာ ၂၄

ယနေ့နံနက် ၅ နာရီတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် (ခ)ရပ်ကွက် ကြိုးစက်ရုံလမ်း အမှတ်(၆–က)ရှိ ပိုင်ရှင် ဦးလင်းဇော်ဝင်း၏ လင်းထက်အထည်စက်ရုံမှ မီးစက်သုံး ကေဗိုအေ စက်နှိုးစဉ် ဘွိုင်လာခန်းပေါက်ကွဲရာမှ မီးတောက်များထွက်လာကာ အနီးရှိဒီဇယ်ပီပါများအား မီးကူးစက်လောင်ကျွမ်းခဲ့သည်။ အဆိုပါမီးလောင်ရာသို့ ဗဟိုမီးသတ်သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးသောင်ဇင်နှင့် မီးသတ်ဦးစီးဌာန တာဝန်ရှိသူများက ကြီးကြပ်ကွပ်ကဲ၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၃၀၀၊ အရန် မီးသတ်တပ်ဖွဲ့ဝင် ၁၀၂ ဦးတို့ ပူးပေါင်းငြိမ်းသတ်ခဲ့သည်။ မီးလောင်မှုကြောင့် စက်ရုံပစ္စည်းများ၊ အတွင်းပစ္စည်းများနှင့် တဲ ၁၃ လုံး မီးလောင်ခံရသည့်အတွက် အိမ်ထောင်စု ၁၈ စုမှ လူဦးရေ ၇၈ ဦး မီးဘေးဒုက္ခရောက်ကာ ဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၂၃၆၃ ဒသမ ၄၈ သိန်းခန့်နှင့် စက်ရုံသုံးချည်ထည်များ မီးလောင်ဆုံးရှုံးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်–မန္တလေး ဈေးသင်္ဘောပြန်လည်ရောက်ရှိ

ရန်ကုန် အောက်တိုဘာ ၂၄

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ရန်ကုန်–မန္တလေး "မြဧရာ"ဈေးသင်္ဘောကြီးနှင့် ဈေးတွဲနှစ်တွဲတို့သည် စဉ့်ပစ္စည်း၊ ထုံး၊ ပဲဖတ်၊ ကျောက်ပစ္စည်း၊ ပရိဘောဂ၊ ဌာနဆိုင်ရာနှင့် အထွေထွေ ကုန်ပစ္စည်းများတင်ဆောင်ပြီး မန္တလေးမြို့မှ အောက်တိုဘာ ၃ ရက်တွင် ထွက်ခွာခဲ့ရာ ရန်ကုန်မြို့သို့ အောက်တိုဘာ ၂၂ရက်တွင် ပြန်လည်ရောက်ရှိခဲ့သည်။

စနစ်တကျ ထုတ်ပေး

အဆိုပါ "မြဧရာ" ဈေးသင်္ဘောကြီးနှင့် ဈေးတွဲနှစ်တွဲတို့တွင် ပါရှိလာသော ရန်ကုန်အတွက် ကုန်တန် ၉၅၅ တန်ကို ယမန်နေ့နံနက်ပိုင်းမှစ၍ ဗိုလ်တထောင် အမှတ်(၆) တံတား၌ စနစ်တကျ ထုတ်ပေးလျက်ရှိသည်။ (သတင်းစဉ်)

မြေငလျင်သတင်း

ရန်ကုန် အောက်တိုဘာ ၂၄

၂၀၀၆ခုနှစ် အောက်တိုဘာ ၂၄ ရက်နေ့ မြန်မာစံတော်ချိန် ၀၃ နာရီ၊ ၄၇ မိနစ်၊ ၀၀ စက္ကန့်အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်း၏ အရှေ့မြောက်ဘက် မိုင် ၃၁၀၀ ခန့် ကွာဝေးသောနေရာ (မြန်မာနိုင်ငံပြင်ပ)ကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

သမ္မတာ ကထိန်သက်န်းများ
ပစ္စည်းမှန် ဈေးနှုန်းမှန်ဖြင့် လက်လီ/လက်ကားဝယ်ယူနိုင်ကြပါပြီ။

ဒဂုံပရိယတ္တိစာသင်တိုက် မဟာဘုံကထိန်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၄

ဒဂုံမြို့နယ် မြို့မကျောင်းလမ်း အိမ်တော်ရာ ဒဂုံပရိယတ္တိ စာသင်တိုက်ကြီး၏ ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဂုဏာနန္ဒ (နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်)ဆရာတော်ကြီးအား အမှူးထားလျက် ပုရိမဝါမှ ထတော်မူကြကုန်သော စာချ၊ စာသင် သံဃာတော်အပါး ၁၀၀ ကျော်တို့အား ဘုံကထိန်လျာမြတ်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၈ ခုနှစ် (တန်ဆောင်မုန်းလဆန်း ၁၃ ရက်)၊၂-၁၁-၂၀၀၆ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ဒဂုံပရိယတ္တိ စာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ ဒါယကာ၊ ဒါယိကာမများ ကြွရောက်ပါရန်နှင့် လှူဒါန်းလိုသူများသည် သင်္ကန်းဒွိစုံ တစ်စုံလျှင် ကျပ် ၇၅၀၀ နှုန်းဖြင့် ဒဂုံပရိယတ္တိ စာသင်တိုက် အိမ်တော်ရာ ဒဂုံမြို့နယ်သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (က-ပ)

နေပြည်တော်လမ်းညွှန်မြေပုံစာအုပ်
(The Map of Naypyitaw)
နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့်
Design Printing Services Co., Ltd. တို့
ပူးပေါင်းဆောင်ရွက်ပြီး
နေပြည်တော်လမ်းညွှန်မြေပုံစာအုပ်
(The Map of Naypyitaw)
ထုတ်ဝေတော့မည်ဖြစ်ပါသဖြင့် လုပ်ငန်းရှင်များအနေဖြင့်
ကြော်ငြာများ ထည့်သွင်းလိုသူများ အမြန်ဆုံး
အောက်ဖော်ပြပါနေရာများတွင် စုံစမ်းဆက်သွယ်နိုင်ပါသည်။
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
(၀၆၇) ၄၁၄၂၉၄၊ ၄၁၄၂၉၃၊ ၄၁၄၂၉၂
Design Printing Services Co., Ltd.
(၉၅-၁)၂၀၄၀၂၀၊ ၅၇၀၁၂၇

ခေတ်သုံးခေတ်၏ကြယ်ပွင့်များ
LIVE SHOW [1/2]
TAPE,CD,VCD & DVD ထွက်ပြီ

ကျော်အောင်မြင်

YIUS
Free Seminar & English Placement Test
Please call us to REGISTER

ချောက်ဂျီတီအိုင်အင်ဂျင်နီယာမိသားစု ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းမည်

ရန်ကုန် အောက်တိုဘာ ၂၄

စက်မှုလက်မှုသိပ္ပံ(ချောက်) ကျောင်းဆင်းအင်ဂျင်နီယာ မိသားစု၏ စုပေါင်းကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို အောက်တိုဘာ ၂၉ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ အဘိဓမ္မာရတနာဃရ ဓမ္မဗိမာန်တော်တွင် လည်းကောင်း၊ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၃၁)လမ်းနှင့် (၇၁)လမ်းထောင့်ရှိ မော်လမြိုင်ကျောင်းတိုက်တွင်လည်းကောင်း ကျင်းပမည်ဖြစ်ပါ၍ ကျောင်းဆင်း မိသားစုများ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုပါက ဦးမောင်မောင်အုန်းမြင့် ဖုန်း-၀၉၅၀၁၅၆၇၈၊ ဦးအောင်မြင့်သိန်း ဖုန်း-၀၉၅၁၄၃၈၀၆ နှင့် မန္တလေးမြို့တွင် ဦးဇော်မြင့် ဖုန်း-၀၉၅၁၀၂၉၂၇ နှင့် ဦးဌေးလှ ဖုန်း-၀၉၅၁၀၈၅၃၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

အမည်မှန်နှင့်ဖြည့်စွက်ခေါ်ရန်
ဦးတင်ရွှေ၏သမီး ကျွန်မ လှဲ့ယဉ်ဝင်း မှတ်ပုံတင်အမှတ် [၁၂/သကတ (နိုင်)၁၄၇၇၆၉] ၏ အမည်မှန်မှာ လှဲ့ယဉ်ဝင်း(ခ)လှဲ့ရည်ဝင်းဟုဖြည့်စွက်ခေါ်ပါရန်။

ကျေးဇူးဆပ်ပါမည်
ကျွန်တော် ဦးအာယု ပိုင်ဆိုင်သော ယာဉ်အမှတ်-၅က/၈၁၃၂ Nissan SKYLINE အခွန်ကျေပုံစံ(၁) စာရွက်စာတမ်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၅၉၀၂၈၃

"To bring the best, to give the best, to bring out the best."
Inviting all parents to our "Open House"
NEW TOTAL Kids School NEW
TOTAL Kids School (ပုလဲစင်တာ)ဖွင့်လှစ်ပွဲ
23 - 27 October 2006 9:00am- 5:00pm
"Open House" period
Pre-School(2-5 yrs), Sat-Sun Classes / Mon-Fri Evening Classes(3-16 yrs)
F7 ... 206 ...

7DAY NEWS JOURNAL ထွက်ပြီ

မရမ်းကုန်းသမဝါယမအသင်းစု နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၄

မရမ်းကုန်းမြို့နယ် အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမ အသင်းစု လီမိတက်၏ ၂၀၀၅-၂၀၀၆ ခုနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို အသင်းတည်ရှိရာ အမှတ်(၂) ရန်ကုန်-အင်းစိန်လမ်း သမိုင်းလမ်းဆုံတွင် အောက်တိုဘာ ၁၄ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။ **(အောက်ပုံ)**

အစည်းအဝေးတွင် ရန်ကုန်တိုင်း သမဝါယမ ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိန်ဝင်းနှင့် ရန်ကုန်တိုင်း အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမ အသင်းစုချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ရဲအောင်(အငြိမ်းစား)တို့က အမှာစကားများ ပြောကြားကြသည်။ ဒါရိုက်တာအဖွဲ့၏ လုပ်ငန်း အစီရင်ခံစာ၊ ဘဏ္ဍာရေး ရှင်းတမ်း၊ ရှေ့လုပ်ငန်းစဉ်များ၊ အကျိုးငွေခွဲဝေမှုစာရင်းနှင့် အသင်းစာရင်းစစ်အဖွဲ့၏ အစီရင်ခံစာတို့ကို ဖတ်ကြားတင်သွင်း၍ တက်ရောက်လာကြသော အသင်းကိုယ်စားလှယ်များက အတည်ပြုကြသည်။ (က-ပ)

မီးသတ်ပြု

ကျေးဇူးဆပ်ပါမည်
ကျွန်တော်၏ နိုင်ငံကူးလက်မှတ် အမှတ် ၁၅၆၇၄၂ မှာ ခရီးသွားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပေးပို့ပါရန် ကျေးဇူးဆပ်ပါမည်။ **ချစ်ကိုကိုထွေး**
ကသပေါင်းကျေးရွာအုပ်စု
ရန်ကုန်တိုင်း တွံတေးမြို့နယ်

အများသိစေရန် အသိပေးကြေညာချက်
ရန်ကုန်တိုင်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဝေဇယန္တာလမ်း၊ မြေတိုင်းရပ်ကွက် အမှတ်-၁၆/၂၊ လူနေရပ်ကွက် အမှတ်-၁၆/၂၊ မြေကွက်အမှတ်-၂၀၆-ခ နှင့် ၂၀၇-က ဟု ခေါ်တွင်သည့် အကျယ်အဝန်း (၂၀ပေ-၆၀ပေ)စီ အသီးသီးရှိသော နှစ်(၆၀)ဂရန်မြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမည်ပေါက်ပိုင်ဆိုင်သူများထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို(၂၃-၁၀-၂၀၀၆) နေ့တွင် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်များနှင့် ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူ၊ ပတ်သက်ဆက်နွှယ်သူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားဖြင့် လာရောက်ကန့်ကွက်ရန်ဖြစ်ပြီး၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သီတာအုန်း
တရားရုံးချုပ်ရှေ့နေ
အမှတ်-၉/၁၁၊ အခန်း-၁၀၂(စီ)၊ ပထမထပ်၊ ၃၆-လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၃၈၈၂၄၄(လိုင်းခွဲ)၂၀၁

❖ အိမ်ဆိုင်ခွဲချင်သူတွေ ....
❖ အငှားအိမ်ရှာနေသူတွေ ....
❖ ရောင်းချင်သူတွေ ....
C.S

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသား ရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ကာဇက်စတန်သမ္မတနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၂၅

၂၀၀၆ ခုနှစ် အောက်တိုဘာ ၂၅ရက်တွင် ကျရောက်သော ကာဇက်စတန်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ကာဇက်စတန်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဒင်နီယယ် အက်(ခ်) မီတော့(ဗ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

(၁၄)ကြိမ်မြောက်

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဒသမနေ့ပြိုင်ပွဲအစီအစဉ်များ နေပြည်တော်၌ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၄

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများမှတစ်ဆင့် မျိုးဆက်သစ်လူငယ်များကို မြန်မာလူမျိုးတို့၏ သမိုင်းကြောင်း ခိုင်မာနက်ရှိုင်းမှု၊မျိုးရိုးဂုဏ်ရှိန် မြင့်မြတ်ထည်ဝါမှုနှင့် ယဉ်ကျေးမှုအဆင့်အတန်း ဝင့်ထည်မြင့်မားမှုတို့ကိုခံစားသိမြင်စေပြီး အနုသုခုမပညာစွမ်းပကားဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသား ရေးအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက် မြှင့်တင်နိုင်မည့် အမျိုးသားရေးစွမ်းအားများ ပိုမို ထက်မြက် ခိုင်မာလာစေရန် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ကျင်းပလျက်ရှိရာ ယနေ့တွင် ဒသမမြောက်နေ့အဖြစ် နေပြည်တော်၌ ဆက်လက်ကျင်းပသည်။

ထိုသို့ယှဉ်ပြိုင် တင်ဆက်ရာတွင် အကပြိုင်ပွဲကို မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၌ လည်းကောင်း၊ ဂီတာအတီးပြိုင်ပွဲကို စိုက်ပျိုးရေး တက္ကသိုလ်စုဝေးခန်းမ၌လည်းကောင်း၊ ဒုံမင်းအတီးပြိုင်ပွဲကို စိုက်ပျိုးရေး တက္ကသိုလ်စာသင်ခန်းမ၌ လည်းကောင်း၊ စန္ဒရားအတီးပြိုင်ပွဲကို သစ်တောသုတေသနဌာန၌ လည်းကောင်း၊ ဆိုင်းတစ်ဦးချင်းပြိုင်ပွဲကို စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ လည်းကောင်း အသီးသီးကျင်းပကြသည်။

ယနေ့ကျင်းပသည့် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❒

ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား ဒုံမင်းအတီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းမှ ဦးမောင်ဟန် ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

၂၀၀၆ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပြည်တွင်း၊ ပြည်ပမှ ရတနာကုန်သည်များ ကျောက်စိမ်းအတွဲများကို စိတ်ဝင်စားစွာကြည့်ရှုကြစဉ်။ (သတင်းစဉ်)

ပြည်တွင်းပြည်ပ ရတနာကုန်သည် ၁၁၄၄ဦးရောက်ရှိ ကျောက်စိမ်းအတွဲ ၁၇၅၄တွဲ ရောင်းချရ

ရန်ကုန် အောက်တိုဘာ ၂၄

၂၀၀၆ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အစီအစဉ်အရ ကျောက်စိမ်းအတွဲများ တင်ဒါစနစ်ဖြင့် ဒုတိယနေ့ရောင်းချပွဲကို ယနေ့ နံနက် ၈နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာ ကွန်ဗင်းရှင်းစင်တာ ခန်းမ၌ ဆက်လက်ကျင်းပရာ မြန်မာ့ကျောက်မျက် ရတနာပြပွဲ ဗဟိုကော်မတီနာယက၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ကြည့်ရှုအားပေးသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် မြန်မာကွန်ဗင်းရှင်းစင်တာခန်းမ၌ ခင်းကျင်းပြသ ရောင်းချလျက်ရှိသော ရတနာဆိုင်များ၊ မြေညီထပ်ရှိ ညှော်ကြိုခန်းမ၌ ခင်းကျင်းပြသရောင်းချလျက်ရှိသော အရည်အသွေးမီ ကျောက်စိမ်းအတွဲများ၊

စာမျက်နှာ ၉ ကော်လံ ၅ သို့ ➪

ယနေ့မိုးလေဝသ

၂၅-၁၀-၂၀၀၆

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့် အတင့်မှ တိမ်ထူထပ်မည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့မွန်းလွဲ ညနေပိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၄၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ပြင်ဦးလွင်မြို့၊ မန္တလေးမြို့နှင့် ရန်ကုန်မြို့တို့၌ လှည့်လည်ကြည့်ရှုလေ့လာ

နေပြည်တော် အောက်တိုဘာ ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Chief of General Staff, General Liang Guanglie ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြဝင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Guan Mu ၊ စစ်သံမှူး Senior Colonel Fan Lian Feng နှင့် တာဝန်ရှိသူများလိုက်ပါလျက် ပြင်ဦးလွင်မြို့နှင့် မန္တလေးမြို့တို့၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်လေဆိပ်မှထွက်ခွာကြရာ နံနက် ၉ နာရီ ၃၅မိနစ်တွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့ရှိ အနီးစခန်းလေဆိပ်သို့ရောက်ရှိကြသည်။

ဧည့်သည်တော်တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် Chief of General Staff, General Liang Guanglie ဦးဆောင်သောချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ပြင်ဦးလွင်တပ်နယ်မှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် တပ်နယ်မှ တပ်မတော်အရာရှိကြီးများက အနီးစခန်းလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဧည့်သည်တော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်သို့ရောက်ရှိကြရာ ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် တပ်မတော် အရာရှိကြီးများက ကြိုဆိုကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ❍